# ကျိုက္ကမီ

# ရေးလက်ရာ မြို့သမိုင်း

မြန်မာနိုင်ငံတော် အောက်ပိုင်း

တနင်္သာရီခရိုင် အပါအဝင် ကျိုက္ကမိစီရင်စုအတွင်း

ကျိုက္ကမိမြို့အနီး

ပင်လယ်ထဲတွင်တည်ရှိသော

ကျိုက္ကမိမြို့

# ရေလယ်ဘုရားကြီးသမိုင်း

ပုံနှိပ်သူ-ဒေါ်ခင်စီ မှတ်ပုံတင်အမှတ်(၀၁၄၇၀) 'မေတ္တာမိုး'
ပုံနှိပ်တိုက်မှ ရိုက်နှိပ်သည်၊ အမှတ် ၂၂၊ ဓမ္မဝိဟာရလမ်း၊
ကျောက်မြောင်း၊ ရန်ကုန်မြို့။

ဘာသာရေးဆိုင်ရာ ခွင့်ပြုချက်
အမှတ် (၄၅၉၂)

ထုတ်ဝေသူ ဦးကိုကိုလေး (ဗပက)
မှတ်ပုံတင်အမှတ်-(မြဲ ၀၀၇၁)

ပဒေသရာဇာစာပေတိုက်။
အမှတ် ၂၇ မြို့သစ်(၁) လမ်း
ကျောက်မြောင်း-ရန်ကုန်မြို့။
၁၉၇၁-ခုနှစ် ဇန်နဝါရီလ
ဒုတိယအကြိမ် အုပ်ရေ ၂၀၀၀၀။



ဝတ်ကျောင်းတော်ကြီးအတွင်းရှိ
ကျိုက္ခမိ ရေလယ်ဘုရားကြီး ပုံတော်



ကျိုက္ခမီမြို့၊ ရေလယ်ဘုရား ဝတ်ကျောင်းဆောင်တော်ကြီးပုံ

# နိဒါန်း

## ဤသမိုင်းကို ပုံနှိပ်ရခြင်း အကြောင်း

ကျိုက္ခမီမြို့ ရေလယ် ဘုရားကြီးသည်၊ မြန်မာပြည်ရှိ တန်ခိုးကြီးတော်မူသော ဘုရားများအနက် တဆူအပါအဝင် ဖြစ်တော်မူကြောင်း၊ ၎င်းဘုရားကြီးသည် မြန်မာနိုင်ငံတော် အောက်ပိုင်းတနင်္သာရီခရိုင် အပါအဝင် ကျိုက္ခမီ စီရင်စု ကျိုက္ခမီမြို့အနီးပင်လယ်ထဲတွင် တည်ရှိကြောင်းကို နိုင်ငံတဝှမ်းလုံးမှာ ကြားသိကြပါသည်။

အချို့မှာလဲ ကြားသာ ကြားဘူး၍ မဖူးမျှော်ဘူးကြပါ၊ အချို့မှာလဲ ကိုယ်တိုင်လာရောက် ဖူးမျှော်ကြသူများလည်း နေစဉ်နှင့်အမျှရှိပါသည်၊ အချို့မှာကား.... မဖူးမျှော်ဘူးသည့်အပြင် သတင်းကိုမျှပင် မကြားဘူးသူများ ရှိကြသည်တကြောင်း၊ ၎င်းပြင် ဘုရားကြီး စတင်တည်ရာ အတ္တုပ္ပတ္တိမှစ၍ မည်သို့ တန်ခိုးတော်ကြီးကြောင်း၊ မည်သည့်အကြောင်းကြောင့် ရေလယ်တွင် တည်ရှိကြောင်းများကို ဗုဒ္ဓဘာသာဝင်တိုင်း သိလိုသော ဆန္ဒရှိကြလိမ့်မည်ဟု နှလုံးသွင်းမိပေသည်။

ထို့ပြင် ဘုရားကြီးတွင် ၁၂၈၂-ခုနှစ် သီတင်းကျွတ်လကစ၍ လျှပ်စစ်ဓာတ်မီးများ ထွန်းညှိ ပူဇော်လာရာ ကြာမြင့်စွာ တည်တံ့လျက် နောင်အဆက်မပြတ် ပူဇော်နိုင်စေလိုကြောင်း

# နိဒါန်း

သဘောကောင်း စေတနာရှိသည် ဖြစ်ပါသောကြောင့်(ဤသမိုင်း စာအုပ်များ ရောင်းရငွေအနက်မှ အချို့ကို ဘုရားကြီးတွင် လျှပ်စစ်ဓာတ်မီးပူဇော်ရန်အတွက်) အလှူငွေများ ထည့်ဝင်မည် ဖြစ်ပါကြောင်း၊ ဘုရားကြီးအား ဓာတ်မီးပူဇော်ရန် ရည်သန်လျက် အလှူငွေထည့်ဝင်မည့် ပုဗ္ဗစေတနာ ကောင်းမှုကုသိုလ်ကို နှတ်လူသာဓုခေါ်စေသော်....

ကျိုက္ခမီမြို့
ရေလယ်ဘုရားလူကြီးများ။

# ဝန္ဒနာပဏာမ

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

အရဟတော၊ လူမင်း, နတ်မင်း, ဗြဟ္မာမင်းတို့၏ ပစ္စည်းလေးဘော် ပူဇော်သက္ကာရ ဝိသေသအထူးကို ခံယူထိုက်တော်မူသော။ သမ္မာသမ္ဗုဒ္ဓဿ၊ ပယ်အပ်ပြီးသော ကိလေသာတို့သည် မဖြစ်ပြန်သဖြင့် ကောင်းစွာ မိမိအလိုလို သစ္စာလေးပါး မြတ်တရားကို ပိုင်းခြား ကုန်စင် သိမြင်တော်မူပြီးသော။ တဿ ဘဂဝတော၊ ထိုမြတ်စွာဘုရားအား။ နမော၊ ရှိသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပူဇော် ဖူးမျှော်မာန်လျှော့ ကန်တော့ပါ၏ အရှင်ဘုရား။

**အာသီသပတ္ထနာ**

ဇိနစက္ကေန သဗ္ဗကိစ္စံ သမိဇ္ဈတု၊

ဇိနစက္ကေန၊ သုံးလူ့ထွတ်ထား သဗ္ဗညုမြတ်စွာဘုရား၏ တန်ခိုးတေဇော် အာဏာတော်စက်ကြောင့်။ သဗ္ဗကိစ္စံ၊ ဤ

**“ကျိုက္ခမီရေလယ်ဘုရားကြီးသမိုင်း”** ကို ရေးသား ပြုစုခြင်းနှင့် ပတ်သက်သည့် ခပ်သိမ်းဥဿုံ အလုံးစုံ ကိစ္စသည်။ သမိဇ္ဇာတု၊ ချောမောဖြောင့်စင် မငြိုငြင်ဘဲ အောင်မြင် ပြီးမြောက်ပါစေသတည်း။

ကျိုက္ခမီမြို့

# ရေလယ်ဘုရားကြီးသမိုင်း

၁။ သုံးလူ့ထွတ်ထား သဗ္ဗညုရှင်တော်ဘုရားသည် ဘုရားအဖြစ်သို့ ရောက်တော်မမူမီ ရှည်ကြာသော ကာလက ရာမညကရန္နကတိုင်း သုတိန္န နဂရဟု ထင်ရှားစွာ ရှိလေသတည်း။ ထိုတိုင်းပြည်တွင် မြတ်စွာဘုရား ပွင့်တော်မမူမီ နှစ်ပေါင်း ၅၀- လောက်ကပင် **တိဿရာဇာ** အမည်တော်ရှိသော ဘုရင်မင်းမြတ်သည် ထီးနန်းကနက် မပျက်စိုးစံတော်မူရာ **သီရိကပ္ပါမဟာဒေဝီ မဟေသီနာမံ** တောင်နန်းစံ မိဖုယားကြီးမှ သားတော် နှစ်ပါး ထွန်းကားတော်မူလေ၏။

သားတော်ကြီးမှာ ဘွားမြင်တော်မူစဉ်ကပင် လက္ခဏာဘတ် ပုရောဟိတ် ပုဏ္ဏားတော်တို့က ထိုမင်းသားသည် နူးညံ့ သိမ်မွေ့ခြင်း သိပ္ပံပညာ အရာရာတို့ကို တတ်မြောက် ကျွမ်းကျင်ခြင်း သူတော်သူမြတ်တို့ အလေ့အလာ သိက္ခာသီလနှင့် ပြည့်စုံခြင်း ဖြစ်မည့်အကြောင်း ကောင်းစွာ ပြောဟောနိမိတ်ဘတ်ကြသောကြောင့် ခမည်းတော် ဘုရင်က အလွန်ပင် ချစ်မြတ်နိုးတော်

မူသဖြင့် **တိဿကုမာရ** ဟု ဘွဲ့နာမ တပ်လျက် ပေးအပ်သနားတော်မူ၏။ သားတော် အငယ်မှာ ခြင်္သေ့၏ စက်လက္ခဏာ ပါလျက် ဘွားမြင်တော်မူသောကြောင့် **သီဟကုမာရ** ဟု ဘွဲ့နာမတံဆိပ် ခပ်နှိပ်တော်မူလေသတည်း။

၂။ ထိုတိဿကုမာရမင်းသား သက်တော် ၂၃-နှစ် သီဟကုမာရမင်းသား သက်တော် ၂၁-နှစ် ရှိကြလတ်သောအခါ တနေ့သ၌ တိဿကုမာရ နောင်တော်ကြီးက သမ္မာသတိဉာဏ်အကြံ ဖြစ်တော်မူ၍ ညီတော် သီဟကုမာရကို ခေါ်ပြီးလျှင် တိုင်ပင်တော်မူသည်မှာ၊ နောင်တော်နှင့် ညီတော်တို့သည် ဒုလ္လဘငါးပါးတွင် လူ့ဘဝကို ရရန် အလွန်ခဲယဉ်းခြင်း ဖြစ်ပါလျက် ကုသိုလ်ကံအကြောင်း ကောင်းမြတ်သဖြင့် ယခုလူ့ဘဝကို ရကြပေပြီ၊ ထိုသို့ရကြသည့်အတိုင်း နောင်အနာဂတ်အခါ ဘဝများစွာတို့၌လည်း ယခုထက်တိုး၍ ကောင်းကျိုး မြင့်မြဲဆင့်ထက်ကဲလျက် မဂ်ဖိုလ်နိဗ္ဗာန်၏ အခြေပြုရက္ခမူလ ဧကစာရတည်းဟူသော တောတောင်ပျော်မွေ့ ရသေ့ရဟန်း ပြုလုပ်ကြပြီးလျှင် သိက္ခာသီလနှင့် သမထ, ဝိပဿနာ ဘာဝနာ ကမ္မဋ္ဌာန်းတို့ကို ကြိုးပမ်းစွာ အားထုတ်စီးဖြန်းရသော် လျော်ကန်သင့်မြတ်မည်ဟု ထင်မြင် သဘောရတော်မူသည်၊ အကယ်၍ တိုင်းပြည်နိုင်ငံနှင့် တကွ ထီးမွေနန်းမွေစံယူလေက ယွင်းသွေတိမ်းပါး မတရားခဲ့သော် ရှည်လျားသံသရာ ဝန်လေးစွာသော အကြောင်းများကို မိန့်ဆိုမြွက်ဟ ဘော်ပြတိုင်ပင်တော်မူရာ ထိုအခါ ညီတော်က နောင်ဘုရား မိန့်ကြားတော်မူသည့်အတိုင်း လိုက်နာ သဘောတူသဖြင့် ညီတော် နောင်တော် နှစ်ပါးတို့သည် ခမည်းတော် မယ်တော်

ဘုရားတို့ထံ ခွင့်ပန်လျှောက်ထားရာ အခွင့်ရသဖြင့် သုတိန္ဓနဂရ ပြည်မှ အရှေ့တောင် အရပ်ဖြစ်သော ဂစ္ဆဂီရိ တောင်စခန်းသို့ မြန်းထွက်ဆိုက်ရောက်၍ ရသေ့ပြုလုပ်လျက်နေကြကုန်၏။

ဤသို့ နေထိုင်ရာ သီလသိက္ခာ ပြည့်စုံစွာနှင့် သမထ ဝိပဿနာ ဘာဝနာ ကမ္မဋ္ဌာန်းများကို ကြိုးပမ်းစွာ ပွားများကြတော်မူသော ကြောင့် လ, ရက်မရှည် မကြာမီပင် လောကီစျာန် သမာပတ်ကို ရကြလေကုန်၏၊ ထိုစျာန်သမာပတ်ကို ရကြပြီးသောအခါ နောင် တော်ကတဖန် အကြံဖြစ်တော်မူသည်မှာ "ငါတို့ညီနောင်နှစ်ဖော် အတူတကွ နေခဲ့သော် သင့်လျော်မည်မဟုတ်၊ တော်သင့်တော်ရာ အခြားစီခွဲ၍ခွါနေထိုင်မှ သင့်လျော်မည်"ဟု ညီတော်အားမိန့်ကြား လေသော် ညီတော်ကလည်း နောင်တော်မိန့်သမျှကို သဘောကျ သဖြင့် နောင်တော်မှာ ယခုအခါ ဇင်းကျိုက်ဟု ခေါ်ဝေါ် သမုတ်သော ဂစ္ဆဂီရိတောင်၌ ညီတော်မှာလည်း ယခုဇွဲကပင်ခေါ် ကြသော ဗန္ဓဝဂီရိတောင်တွင် ခွဲခွါလျက် သီးခြားစွာ နေထိုင် ကြလေသည်၊ အကြောင်းတစုံတရာရှိခဲ့သော် မီးကိုပြရန် အမှတ် သညာထားကြကုန်၏။

၃။ ထို ဂစ္ဆဂီရိတောင် အနောက်ဘက် တောင်ခြေကမ်းပါး နှင့် မနီးမဝေး ပင်လယ်ထည်းတွင် သောင်ပတ်လည်ဝိုင်းလျက် ကျွန်းတကျွန်းရှိလေ၏၊ ထိုကျွန်း၌ကား သစ်ပင်ပန်းပင်တို့သည် ရာသီအလိုက် သိုက်မြိုက်ဖွယ်ရာ တင့်တယ်စွာသီးပွင့်ခြင်းနှင့် ပြည့်စုံ သည့်ပြင် ချမ်းအေးကြည်စွာ အရိပ်အာဝါသနှင့် အလွန်တင့်တယ် သာယာလေသောကြောင့် ရေသတ္တဝါ အဟိတ်သားနဂါးမသည် ထိုကျွန်းသို့ လာရောက်ပျော်မွေ့ နေထိုင်လေ့ရှိရာ တခါတရံ ဂစ္ဆဂီရိ တောင်ခြေကမ်းပါးသို့ လှည့်လည်ခါ သွားလာတတ်၏၊

လူ့သဏ္ဍာန်ဖြင့် ကြံအင်ရှုပ တင့်တယ်လှစွာ ဖန်ဆင်းကာ နေထိုင် နေထိုင်လေ့ရှိ၏၊ ဤအခါ ဤကာလက ဟိမဝန္တာမှ ဝိဇ္ဇာဓိုရ် လုလင်သည် ထိုဂစ္ဆဂီရိတောင်သို့ အစဉ်မပြတ် လှည့်ပတ်သွားလာ နေထိုင်လေ၏၊ ထိုသို့သွားလာလည်ပတ်ရာတွင် အခါတပါး နဂါး မနှင့် ဝိဇ္ဇာဓိုရ်တွေ့ကာလ ပရံပရ ရှေးဘဝကုသလထူး ပြုချဘူး သောရေစက် ပန္နက်ဘူးသောသစ္စာကြောင့် မေတ္တာယိုဖိတ် ရာဂ စိတ်စောသဖြင့် ကိုယ်လက်နှီးနှောလေရာ နဂါးမ၌ ပဋိသန္ဓေ တည်နေ စွဲကပ်လေ၏၊ နဂါးတို့ ထုံးစံမှာ မနုဿ လူ့ဇာတ် နှင့် စွဲကပ်သော ပဋိသန္ဓေကို လူ့ပြည်တွင် မချဘဲ နဂါး ပြည်သို့ပြန်ရန် ထုံးစံမရှိ၍ ပဋိသန္ဓေ ရင့်မာသည်တိုင်အောင် စောင့်လင့် ဆိုင်းငံ့ပြီးမှ ဥကို ချချိန်ကျသဖြင့် ထိုကျွန်းမှာပင် ရင်သွေးရင်နှစ်အစု ဥနှစ်လုံးကို ချသွားစွန့်ပစ်ခဲ့ပြီးလျှင် နဂါး ပြည်သို့ ပြန်လည်သွားလေ၏။

ထိုနဂါးမ ပြန်သွားပြီးနောက် မျှားမကြာမီပင် တိဿရှင် ရသေ့သည် ခြေညောင်းလက်ဆန့် လှည့်ဖြန့် သွားလာခိုက်တွင် ပင်လယ်ကမ်းပါး၌ ဥနှစ်လုံးကိုမြင်လျှင် အလွန်ပင်ထူးဆန်းသော ဥများဖြစ်မည်ဟူ၍ ယူဆောင်ပြန်လာခဲ့ရာ မိမိ၏ကျောင်းသခ်မ်း သို့ ရောက်သကာလ ညီတော်ကိုမီးရှူးပြ၍ခေါ်သည်တွင်ညီတော် လာရောက်လျှင် နောင်တော်က ညီတော်သို့ဥတလုံးကို ပေးအပ် သနားတော်မူလိုက် လေသော် ဘိုးတော် အဥ္ဇနမင်းကြီးသည် သက္ကရာဇ် ၁၆၄၅-ကိုဖြိုပြီးနောက် ၁၉-ခုမြောက်တွင်ညီတော်၏ ဥမှ လူယောကျ်ားယ်တယောက် ဘွားမြင်၏၊ ထို့အတူ နောင် တော်၏ဥသည် ညီတော်၏ဥ ပေါက်ဘွားချိန်ထက် တနာရီခန့် အံရင်ကြိုတင်၍ ယောကျ်ားယ်ပင် ဘွားမြင်လေ၏။

အမိမဲ့သား ဘွားခဲ့သော် နှောင်ညီ နှစ်ဖော်၏ ကသိုလ် အဟုန် ရသေ့ညီနှောင်တို့၏ သီလတော်ဂုဏ်ကြောင့် ထိုရသေ့ နှစ်ပါး အဓိဋ္ဌာန်ပြုခြင်းအားဖြင့် လက်ညှိုးမှထွက်သော နို့ရည် များနှင့် တိုက်ကျွေး မွေးမြူကြပြီးနောက် ထိုသူငယ်နှစ်ယောက် ဆယ်နှစ်အရွယ်သို့ ရောက်သောအခါ ညီတော်ရသေ့ မွေးမြူ ထားသောသူငယ်သည် ကျောက်ရောဂါ စွဲကပ်သေဆုံးပြီးလျှင် မိဓိလာပြည်၌ အတုလသူဌေးသမီး သုမနဝမ်းတွင် သန္ဓေစွဲကပ်ပြီး သော် ဘိုးတော် အဥ္စနမင်းကြီးသည် သက္ကရာဇ် ၈၄၅-ကို ဖျိုပြီးနောက် ၁၀၀-ပြည့်မြောက်သောနှစ်တွင် ဘွားမြင်ပြန်၏။

ထိုသူငယ် ရှစ်နှစ်အရွယ်သို့ ရောက်လျှင် မြတ်စွာဘုရားသည် သက္ကရာဇ် ၁၀၃-ခုနှစ်တွင် ပွင့်တော်မူပြီး ၅-ဝါမြောက်တွင် မိဓိလာပြည်သို့ ဒေသစာရီ ကြွချီတော်မူ၍ ပြည်သူ ပြည်သား အများတို့အား တရားဓမ္မမြွက်ဟလျက် ဟောပြကယ်ချွတ်တော် မူရာ ထိုသူငယ်သည် မြတ်စွာဘုရားထံ ဆည်းကပ်ခစား၍ တရား ရှင်နို့ သောက်စို့ရသဖြင့် ပါရမီသမ္ဘာရင့်သောကြောင့် မကြာ မီပင် ဂဝံပတိသာမဏေဖြစ်၏၊ ထိုနောက် ဂဝံပတိရဟန္တာဟု ထင်လျှားစွာ ဖြစ်ပြန်လေသတည်း။

၄။ သက္ကရာဇ် ၁၁၀-ပြည့်နှစ်တွင် သုတိန္နနဂရ ပြည်ကြီး ရှင် ဘုရင်တိဿမင်းသည် နတ်ရွာစံတော်မူသဖြင့် မှူးမတ် သေနာ ပတိတို့က ယခု ရွှေနန်းသခင် ဘုရင်မင်းမြတ် နတ်ရွာစံလွန်တော် မူချေပြီ၊ ၎င်း ထီးနန်းမွေနှစ်ကို ညီနှောင်ဖြစ်သော ရသေ့များမှ တပါး အခြား ဆက်ခံစိုးစံထိုက်သူမရှိ ဖြစ်လေသည်၊ ထိုရသေ့

## (၈) ကျိုက္ခမီမြို့ ရေလယ်ဘုရားကြီးသမိုင်း

ညီနောင်နှစ်ပါးထံ အမြန်သွားရောက် လျှောက်ထားမှ သင့်မည် ဟု တိုင်ပင်နှီးနှော သဘော တူညီကြ ပြီးသော် နောင် တော် တိဿရှင်ရသေ့ရှိရာ ဂစ္ဆဂီရိတောင်သို့ သွားကြကုန်၏၊ ကျောင်း တော်သို့ ရောက်ကြပြီးကာလ မှူးမတ်များက လျှောက်ထား သည်မှာ ယခုအခါတွင်အရှင်မြတ်တို့၏ ခမည်းတော် ရွှေနန်းသခင် ဘုရင်မင်းတရားကြီးသည် လူ့ပြည်ဗြောင်း၍ နတ်ရွာသို့ ပြောင်း စံတော်မူခဲ့ပြီ၊ ကျန်ရစ်သည့် ထီးနန်းမွေနှစ်ကို အရှင်မြတ်တို့မှ တပါး အခြားဆက်ခံစိုးစံထိုက်သူမရှိပါ၊ သို့တွက်တာကြောင့် တိုင်းနဂရာသို့ မြန်းထွက်၍ ထီးနန်းအမွေကို ဆက်ခံစိုးစံတော် မူပါမည့်အကြောင်း မှူးမတ်အပေါင်းက ခသြောင်းဝပ်လျှိုး ရှိခိုးဦးတင် လျှောက်ထားတောင်းပန် အသနားခံကြကုန်၏။

ထိုသို့ လျှောက်ထား တောင်းပန် အသနားခံကြသည့်အခါ နောင်တော်ရသေ့က "ငါတို့ ညီနောင်နှစ်ပါးသည် တရားနှင့် ပျော်မွေ့လို၍ အလေ့ဝသီ လောကီရိပ်ငြိမ် စည်းစိမ်ချမ်းသာ ညွှန်တကျာကို လွန်စွာ စက်ဆုပ်ခြင်းကြောင့် ထီးနန်း အမွေ အနှစ်ကို မအုပ်ချုပ်မခံစားလိုဘဲ ခွာရှုစွန့်ပစ်ခဲ့ပြီး ဖြစ်လေ သည်၊ ယခုတဖန် ထီးမွေနန်းမွေကို ပြန်၍ ခံစံရမည် ဆိုသော် မခံ မစံလိုပါ၊ သို့ရာတွင် ငါတို့၏ ကိုယ်စား ကိတ္တိမသား ဥက, ဘွားသော ယောကျ်ားမြတ်ကို ထီးနန်းအပ် ပေးလိုသည်၊ အမတ်မင်းတို့က သဘော တူညီကြမည်လော" ဟု မိန့်တော်မူ လေ၏။

ယင်းသို့ မိန့်တော်မူသောအခါ မှူးမတ် သေနာပတိတို့က ခမည်းတော် ရွှေနန်းရှင် ဘုရင်မင်းမြတ်တွင် ထီးနန်းတိုင်းပြည်၏

အမွေကို ခံစံမည့် သားတော်များမှာ အရှင်မြတ် ညီနောင် နှစ်ပါးသာ ရှိပါသည်၊ သို့ပါသော် အရှင်မြတ်တို့ သဘော တော်ရှိသမျှ ကိတ္တိမသားကို ခန့်ထား ပေးအပ်မည် ဖြစ်လျှင် လည်း မပယ်မလှန် မငြင်းဆန်ဘဲ သဘောတူညီပါကြောင်း ကို ကောင်းစွာ လျှောက်ထားကြကုန်၏၊ ထိုသို့ လျှောက်ထား ကြပြီးနောက် နေ့ရက်မကြာမီ ဒေဝါသနင်း သိကြားမင်းသည် လပြည့် လကွယ်နေ့တိုင်း တိဿရှင်ရသေ့ထံ ဘုရားတော်နာ လာရောက်မြဲဖြစ်သည်နှင့်အညီ ရှေ့တော်မှောက်သို့ ချဉ်းကပ် ရောက်လာလေ၏။

ထိုအခါ တိဿရှင်ရသေ့က ကျွန်ုပ်သည် ကိတ္တိမသား သူငယ်အတွက် ထီးနန်းကနက်ကို ဆက်ခံစေရန် စီမံနေရာချ ထားလိုသော ဆန္ဒကြောင့် အလွန်စိတ်လက်မကြည်မသာ ရှိနေ ကြောင်း၊ ၎င်းပြင် ခမည်းတော်မင်းဘုရားသည် ယိုယွင်းခန္ဓာ နတ်ရွာစံလွန်တော်မူရာ ကျွန်ုပ်တို့သာ ဆက်လက် စိုးပိုင်ရန် အမွေဆိုင်ဖြစ်သော ဤထီးနန်းခရိုင် နိုင်ငံတိုင်းပြည်သို့ ကိတ္တိမ သား သူငယ်အား ပေးအပ်လိုကြောင်း၊ သို့ပေးအပ်မည့် စီမံချက် အရ မှူးမတ်များကလည်း အားတက် ရွှင်ပျစိတ်နှလုံး တူမျှကြ ကြောင်းများကို သိကြားမင်းအား ပြောကြား တိုင်ပင်တော် မူ၏၊ ဝတိံသနင်း သိကြားမင်းက တိဿရှင်ရသေ့ စကား ကြားရသည်အလျှောက် ဝမ်းမြောက်တော်မူရကား ရှင်ရသေ့ နှစ်ပါးနှင့် စကားမြဲခိုင် တိုင်ပင်တော်မူပြီးကာလ သက္ကရာဇ် ၁၁၀-ပြည့်နှစ်တွင် သုတိန္န ထီးနန်းဟောင်းကို ထပ်လောင်း အသစ် ပြုပြင်ဖန်ဆင်း၍ ရေနတ်မယ်လျှ နဂါးမရှင်နှစ် တိဿ

# (၁၀) ကျိုက္ခမီမြို့ ရေလယ်ဘုရားကြီးသမိုင်း

ရှင်ရသေ့၏ ကိတ္တိမသားတော်ဖြစ်သော အသက် ၂၁-နှစ်ရှယ်ရှိ သူငယ်ကို ဘုရင်ဥက္ကင္ဒ သမုတိနတ်အရာ တင်မြှောက်ခါ ပေးအပ်တော်မူကုန်၏၊ ဘွဲ့တော်မှာ ရသေ့ညီနောင်နှစ်ပါးတို့၏ ဘွဲ့တော်နှစ်ခုကို တစုတည်းပေါင်းစပ်၍ **တိဿဓမ္မသီဟရာဇာ** ဟု ဘွဲ့နာမတံဆိပ် ခတ်နှိပ်တော်မူလေ၏၊ တိုင်းပြည်၏ အမည်မှာ ရင်းပြည်၏ အလယ်ချက်၌ ရွှေထွက်သော ချောင်းရှိသဖြင့် **သုဝဏ္ဏဘူမိ** ဟုအမည်နာမတံဆိပ် ခပ်နှိပ်လေသတည်း။

၅။ အပိုဒ် ၃-တွင် ပြဆိုခဲ့ပြီးသော ဂဝံပတိ ရဟန္တာသည် အတိတ်ဘဝဟောင်းက နောင်တော်ဖြစ်ခဲ့ဘူးသူမှာ မင်းအဖြစ်သို့ ရောက် ကြောင်း သိတော်မူ လေလျှင် တွေ့မြင် လိုသောဆန္ဒရှိ၍ မြတ်စွာဘုရားထံ ခွင့်ပန် လျှောက် ထား ပြီး တပါးတည်းပင် သက္ကရာဇ် ၁၁၀-ပြည့်နှစ်အတွင်း ကောင်းကင်ခရီးဖြင့် စျာန်ယာဉ်စီးကာ ကြွလျှက် နန်းတော်သို့ ရောက်သကာလ သင့်အပ်လျှောက်ပတ်သော နေရာ၌ ထိုင်တော်မူလေ၏၊ ထိုအခါ တိဿဓမ္မသီဟရာဇာမင်းက သင်သည် ဘယ်အမျိုးအနွယ်မှ အဘယ်သူ ဖြစ်သနည်းဟု မေးမြန်းတော်မူရာ ငါကား အခြားသူမဟုတ် အတိတ်ဘဝဟောင်းက အကြောင်းဆုံစီး၍ တကာတော် မင်းကြီးနှင့် ညီရင်းအကို တော်ခဲ့ဘူးကြောင်း ငါကား ညီ တကာတော်မင်းကြီးကား အစ်ကိုဖြစ်ကြောင်း အပေါင်းဥသုံ အလုံးစုံ ဖြစ်ပျက်သမျှကို မြွက်ဟမိန့်တော်မူပြီးခါ ယခုပစ္စက္ခဘဝမှာ သမ္မာသမ္ဗုဒ္ဓ သုံးလောကထွတ်တင် သဗ္ဗညုဘုရား ကိုယ်တော်မြတ်နှင့် တွေ့ကြုံလေသဖြင့် တရားရေအေး အမြိုက်ဆေးကို တိုက်ကျွေးသည့် အလျောက်

သောက်မျိုရပါသောကြောင့် ဂဝံပတိသာမဏေ၊ ထို့နောက် ဂဝံပတိရဟန္တာ ဖြစ်ကြောင်းများကို ပြန်ကြား မိန့်တော်မူလေ၏။

တိဿဓမ္မသီဟရာဇာ မင်းကြီးက တဖန် ဤသို့ မှန်လျှင် အရှင်မြတ်သည် လူတို့၏ အထွတ် အထိပ် ဖြစ်တော့သည်ဟု လျှောက်ထားလေရာ ဂဝံပတိရဟန္တာက တဖန် ငါသည် လူတို့၏ အထွတ်အထိပ် မဟုတ်ပေ၊ လူ့ပြည် နတ်ရပ် မနိုင်းအပ် မနိုင်းရာ ဘဂဝါရှင်စော သုံးလောက ဓမ္မရာဇ် သင်းကျစ် သယမ္ဘူဖြစ်တော်မူသော ဘုရားရှင်ကိုယ်တော်မြတ်သည် လူတို့၏ အထွတ်အထိပ် တံဆိပ်နာမံ အရဟံအစ ဘဝဝါအဆုံး ရှိသော ကိုးပါးသော ဂုဏ်တော်တို့နှင့် ပြည့်စုံတော်မူကြောင်း ရာဇဂြိုဟ်ပြည်၌ ဝေနေယျကြွာ သတ္တဝါအများတို့အား တရားရေအေး အမြိုက်ဆေး တိုက်ကျွေးလျက် ရှိနေကြောင်းကို လုံးပေါင်းအစုံ ကုန်စင်အောင် မြွက်ဟ ဟောပြတော်မူလေလျှင် တိဿဓမ္မသီဟရာဇာ မင်းကြီးနှင့်တကွ မှူးမတ်ဗိုလ်ပါ သူဌေးသူကြွယ် ပြည်သူပြည်သား လူအများတို့မှာ ဖရဏာပီတိ ဂွမ်းဆီထိပမာ ပီတိသောမနဿ သဒ္ဓါဟုန်ကြွ၍ သရဏဂုံ ပဥ္စသီကို ခံယူကြပြီးလျှင် ဂဝံပတိရဟန္တာသခင်ထေရ် အရှင်အား အသနားခံ လျှောက်ထား တောင်းပန်ကြသည်မှာ "အရှင်မြတ်ဘုရား.... တိလောက ဓမ္မရာဇ် သင်းကျစ် သယမ္ဘူဖြစ်တော်မူသော သုံးလောကသခင် ဘုရားရှင် ကိုယ်တော်မြတ်ကြီးကို တပည့်တော်တို့ ဖူးမျှော်လိုပါသည်၊ ပင့်ပေးတော်မူပါဘုရား"ဟု ဝပ်တွားထောင်းပန် အသနားခံကြကုန်၏။

## (၁၂) ကျိုက္ခမီမြို့ ရေလယ်ဘုရားကြီးသမိုင်း

ထိုသို့လျှောက်ထား တောင်းပန်သည်ကို "ကောင်းပြီ"ဟု ဝန်ခံတော်မူ၍ ရာဇဂြိုဟ်ပြည်သို့ ကြွသွားပြီးသော် ဘုရားရှင်ထံသို့ ဝင်ရောက် ချဉ်းကပ်မိလေလျှင် ဂဝံပတိရဟန္တာသည် တိဿဓမ္မသီဟရာဇာမင်းကြီးနှင့်တကွ မှူးမတ် ပြည်သူ ဆင်းရဲသားဟူသမျှတို့၏ လျှောက်ထားတောင်းပန် အသနားခံချက်အရ သုဝဏ္ဏဘုမ္မိပြည်သို့ ဒေသစာရီ မြန်းချီ ကြွရောက်တော်မူပါမည့်အကြောင်း ခညောင်း ဝပ်လျှိုး ရှိခိုးလျှောက်ထားလေလျှင်၊ သုံးလောကသခင် ဘုရားရှင်က သမန္တစက္ခု သဗ္ဗညုတ ရွှေဉာဏ်ဖြင့် ဆင်ခြင်တော် မူပြန်ရာ သုဝဏ္ဏဘုမ္မိ ပြည်နှင့် ယောနကတိုင်း သာဂရပြည်များမှာ ဘုရား သာသနာတော် ထွန်းပေါ် ပွင့်လင်းမည့် အကြောင်းကို မြင်တော် မူသောကြောင့် ဒေသစာရီ ကြွချီတော်မူမည့် အကြောင်း မိန့်ကြားညွှန်ပြ ခွန်းဟဗျာဒိတ် ခပ်နှိပ်တော် မူလေ၏၊ ထိုနောက် မြတ်စွာဘုရားသခင်သည် ရာဇဂြိုဟ်ပြည်တွင် သီတင်းသုံးတော်မူစဉ် (ရှစ်ဝါအလွန်) သက္ကရာဇ် (၁၁၁) ခုနှစ် ဟောမန္တဥတု တန်ဆောင်မုန်းလအတွင်း ရဟန္တာပေါင်း ငါးရာနှင့်တကွ ဒေသစာရီ ကြွချီတော်မူလေရာ ယောနကတိုင်း သာဂရပြည် ကြွင်းမိုင်းမြို့သို့ ဆိုက်ရောက်တော်မူ၏။

၆။ ကြွင်းမိုင်းမင်းမှာ တောင်နန်းစံ မိဖုယားမှ ဘွားမြင်တော်မူသော သားတော်တကျိပ်၊ မြောက်နန်းစံ မိဖုယားမှ ဘွားမြင်တော်မူသော သားတော်တကျိပ်၊ ပေါင်း သားတော်နှစ်ကျိပ် ရှိတော်မူ၏၊ ထိုမင်းတို့ ကိုးကွယ် ဆည်းကပ်သော ကပ္ပိန္နမည်တွင် ရှင်ရသေ့ တပါးရှိ၏၊ ထိုမင်းသား ညီနောင်

နှစ်ကျိပ်တွင် အကြီးဆုံး ဖြစ်သော မင်းသားသည် မြတ်စွာဘုရား ကြွင်းမိုင်းမြို့သို့ ဆိုက်ရောက်လျှင် ရှေ့ဦးစွာပင် ဘုရားရှင်ကိုယ်တော်မြတ်ကို ဖူးတွေ့ကြုံရ၏၊ သို့တွေ့ကြုံကာလ သုံးလောကသခင် နိဗ္ဗာန်ခွင်သို့ ကယ်တင် နိုင်သော ရှင်တော်ဘုရား ဖြစ်ကြောင်းကို စုံစမ်းမေးမြန်း သိရှိရသော် ရှိခိုးပူဇော်ပြီးလျှင် နောင်အစဉ်မပြတ် ရည်မှတ် ကိုးကွယ်ရန် ကိုယ်တော်စား အဖြစ် တစုံတရာ ပေးသနားတော် မူပါမည့်အကြောင်း တောင်းပန် လျှောက်ထားသည်တွင် ဘုရားရှင် ကိုယ်တော်မြတ်က တွေးဆတဖန် ရွှေဉာဏ်တော် စက္ခုဖြင့် မျှော်ရှု ထောက်စာပြီးသော် ဆံတော်တဆူ ပေးသနားတော်မူလေ၏၊ ၎င်းပြင် ကျန်သော မင်းသားတကျိပ်ကိုးပါးနှင့်တကွ ကပ္ပိန္နရှင်ရသေ့တို့ကလည်း ဘုရားရှင်ထံ ဆည်းကပ် ခိုဝင်ပြီးသော် နောင်တော်ကြီး နည်းတူ ဆံတော်တဆူကျဆီ ရလိုပါကြောင်း ဖြင့် ခညောင်းဝပ်တွား လျှောက်ထား အသနားခံကြပြန်လေလျှင် ရှင်ပင်စောထွတ်သမုနတ်က ရသေ့ကြီးနှင့်တကွ မင်းသားတို့အား ရွှေကြုတ်တခုစီ ပြုလုပ်၍ ယူခဲ့ရမည်ဟု မိန့်မြွက်ဟတော်မူသည့်အတိုင်း မဆိုင်းမဆုတ် ရွှေကြုတ်တခုစီ ပြုလုပ်၍ ရသေ့ကြီးနှင့်တကွ မင်းသား တကျိပ် ကိုးယောက်တို့သည် ရှေ့တော်မှောက်သို့ ရောက်ကြပြန်ရာ ဘဂဝါ အတုလသမ္မာသမ္ဗုဒ္ဓ သုံးလောကထွတ်ထား ရှင်တော်ဘုရားက ဆံတော်တဆူစီ ပေးသနားတော်မူလေသတည်း။

၇။ ထို့နောက် ဘုရားရှင် ကိုယ်တော်မြတ်သည် ကြွင်းမိုင်းမြို့မှ (ယခုအခါ ကျိုက္ခမီမြို့နှင့် ခရီး ၃-မိုင်ခန့်ကွာ တောင်

ဘက် အရပ်တွင်ရှိ) တောဝိုင်းခေါ် တောင်ပေါ်သို့ ကြွရောက် နေ့သန့်တော်မူပြီးမှ တဖန် ဆက်လက်၍ မြောက်ဘက်သို့ ကြွရောက်တော်မူပြန်ရာ နောင်အခါတွင် ဆံတော်ကို ဌာပနာပြီးလျှင် စေတီတည်လတံ့သော အကြောင်းခြင်းရာကို မြင်တော်မူ၍ အောက်အဘို့၌ ကောင်းမြတ် ဆန်းကြယ် တင့်တယ်စွာ ဂူရှိသော (ယခုရေလယ်ဘုရား တည်ထားသည့်) ကျောက်ဆောင်ပေါ်၌ တဖန် နေ့သန့်ပြန်ပြီးသော် သုဝဏ္ဏဘူမိ (သထုံမြို့)သို့ ကြွသွားတော်မူလေသတည်း။

ဂ။ အပိုဒ် ၆-တွင် ပြဆိုပြီးဖြစ်သည့် ရွှေဆံတော်တဆူစီ ရထားသော ရသေ့ကြီးနှင့် တကွ မင်းသား နှစ်ကျိပ်တို့သည် မိမိတို့ ကိုယ်စီကိုယ်ငှ ရကြသော ဆံတော်မြတ်တို့ကို မြစ်ဆိပ် ကမ်းနား ထူးခြားသော နေရာအရပ်တို့မှာ ဌာပနာ၍ စေတီတည်လျက် ကိုးကွယ်ကြရမည်ဟု ရည်ရွယ်စိတ်တမ်း ရှင်လန်း ဝမ်းသာ စေတနာ ရှိကြသည့်အတိုင်း ကျေးကျွန် သင်းပင်း မင်းချင်းဗိုလ်ပါတို့နှင့် တကွ စေတီတည်အံ့သော နေရာရှာဖွေကြသောအခါ ယခု ရေလယ် ကျောက်ဆောင်အတွင်း၌ သန့်ရှင်းစင်ကြယ် ထူးဆန်းတင့်တယ်သော ဂူကို တွေ့မြင်ကြရလေကုန်၏၊ ထိုအခါ ကပ္ပိန္နရသေ့ကြီးနှင့်တကွ မင်းသားနှစ်ကျိပ်တို့သည် အထူးထူးသော ပွဲလမ်းသဘင် ဆင်ယင် ကျင်းပလျက် အမွှေးအကြိုင် ပန်းနံ့သာ ဆီမီးတို့ဖြင့် တလပတ်လုံး ပူဇော်လှူဒါန်းကြပြီးမှ ရသေ့ကြီးနှင့် မင်းသားတို့သည် မိမိတို့ အသီးသီး ရရှိကိုးကွယ်ကြသော ဆံတော်တဆယ့်တဆူကို ဌာပနာရန် ထပ်မံ၍ ရွှေကြုတ်တဆယ့်တလုံးနှင့် အောက်ခံကလပ် ဆယ့်တချပ်ကို ပြုလုပ်ကြကုန်၏။

ကလပ်၏ ပမာဏမှာ အမြင့် ၁၆ - လက်သစ်၊ အကျယ် ၁၆ - လက်သစ်၊ ရွှေကြုတ်၏ ပမာဏအမြင့်လက်သစ် ၂၁၊ အကျယ် ၁၄-လက်သစ်၊ ကလပ်တခုလျှင် ရွှေချိန် ၉ ပိဿာ၊ ရွှေကြုတ်တခုလျှင် ရွှေချိန် ၉-ပိဿာ၊ ရွှေကလပ်တခုနှင့် ရွှေကြုတ်တခုတွင် စီခြယ်သော ရတနာများမှာ ၁၀-ရတီရှိသော စိန်လုံးရေ (၃၈၅) သုံးရာရှစ်ဆယ့်ငါးလုံး၊တန်ဘိုးငွေ (၅၇၇၀၀ိ) ငါးသိန်းခုနစ်သောင်း ခုနစ်ထောင့်ငါးရာ၊ ၈-ရတီခွဲရှိသော ပတ္တမြားလုံးရေ (၂၇၈) နှစ်ရာ ခုနစ်ဆယ့်ရှစ်လုံး တန်ဘိုးငွေ (၂၇၈၀၀၀၀၀ိ)နှစ်ကုဋေခုနစ်သန်းရှစ်သိန်း၊ ၁၃-ရတီရှိသောမြလုံးရေ ၁၅၉ တရာ့ငါးဆယ့်ကိုးလုံးတန်ဘိုးငွေ(၂၈၅၂၀၀၀၀ိ) နှစ်ကုဋေ ရှစ်သန်း ငါးသိန်း နှစ်သောင်း၊ ၁၅-ရတီ ရှိသော ကျောက်မျက်ရွဲလုံးရေ (၂၅၀)နှစ်ရာ့ငါးဆယ်၊ တန်ဘိုးငွေ (၃၅၀၀၀၀၀ိ) သုံးသန်းငါးသိန်း၊ ၉-ရတီခွဲရှိသော ပတ္တမြားပြောက်လုံးရေ ၁၇၉-လုံး တန်ဘိုးငွေ (၇၁၆၀၀၀၀၀ိ)ခုနစ်ကုဋေတသန်းခြောက်သိန်း၊ ကြုတ်လေး မျက်နှာတွင် စီခြယ်ထားသော ဂုံညင်းပမာဏ ၇၉-ရတီရှိသည့် အဘိုးမဖြတ်နိုင်သော ပတ္တမြားကြီးလေးလုံး ပေါင်း ရတနာအမျိုးမျိုး ၈၈၅၊ ရှစ်ရာရှစ်ဆယ့်ငါးလုံး၊ တန်ဘိုးငွေ(၁၃၀၉၉၀၅၀၀ိ)တဆယ့်သုံးကုဋေ ကိုးသိန်း ကိုးသောင်း ငါးရာ ဖြစ်သည်၊ ရွှေကလပ်တဆယ့်တချပ်နှင့် ရွှေကြုတ်ဆယ့်တလုံးမှာ ရတနာအမျိုးမျိုး (၉၇၃၅) ကိုးထောင့် ခုနစ်ရာ သုံးဆယ့်ငါးလုံး၊ တန်ဘိုးငွေ (၁၄၄၀၉၇၂၅၀ိ)တရာ လေးဆယ့်လေးကုဋေကိုးသိန်းခုနစ်သောင်း နှစ်ထောင့်ငါးရာနှင့် အဘိုးမဖြတ်နိုင်သော ၇၉-ရတီကျစီရှိသည့် ပတ္တမြားကြီး ၄၄-လုံးဖြစ်လေသည်။

ထိုသို့ များပြားလှစွာသော ရတနာ အမျိုးမျိုးနှင့် တကွ အဘိုးတသိန်းထိုက်တန်သော ကောတုမ္ဗရာဇ်တိုင်းဖြစ် အဝတ်ပုဆိုးများပေါ်တွင် အဘိုးတသိန်းထိုက်သော စန္ဒကူးမှုန့်တို့ကို ဖြန့်ခါခင်းလျက် ပဌမ ရွှေကြုတ်ငယ်များကို နောက်ထပ်ပြုလုပ်သော ရွှေကြုတ်ကြီးများ အတွင်းသို့ ထည့်သွင်းပြီးလျှင် ဂူထဲ၌ ဌာပနာကြခြင်း၊ ၎င်းမှတပါး လေးလက်မခန့်ရှိသော စိန်နှင့် ပတ္တမြားကို မြတ်စွာဘုရား သဏ္ဍာန်တော် နှစ်ဆူ ထုလုပ်၍ ဌာပနာကြခြင်း၊ ထို့အပြင် ရသေ့ကြီးနှင့်တကွ မင်းသင်း နှစ်ကျိပ်တို့သည် စိန်ပန်း ငွေပန်းများနှင့်တကွ ပူဇော် ကန်တော့ဟန် ပုံသဏ္ဍာန်များကိုလည်း ရွှေစင်ဖြင့် သွန်းလုပ်၍ ဌာပနာကြခြင်း၊ ဤကဲ့သို့ ဌာပနာကြပြီးသော် တော်သင့်ရာ လူအချို့တို့ကို ရွေးချယ်၍ အစောင့်အရှောက် ထားပြီးနောက် ဆယ်ဆူသော ဆံတော်များ ဌာပနာရန် စေတီတော်တည်ရာ အရပ်ကို ရှာဖွေကြလတ်သော် ယခု မော်လမြိုင်မြို့ အထက် မြစ်မကြီး နှစ်ကွေ့ခွဲ အကွာတွင် အရှေ့ဘက်ကမ်း၌သိုက်မြိုက် တင့်တယ် ရှုမငြီးဘွယ်သော တောင်တတောင်ကို တွေ့မြင်သဘောကျလျက် နေ့ရက်မကြာမီအတွင်း ၎င်းတောင်ပေါ်တွင် ကောင်းစွာ ရှင်းလင်း ခင်းကျင်းလှူဒါန်း ပွဲလမ်းသဘင်တို့ဖြင့် ယခင် ဆံတော်မြတ်များကို ပူဇော်သည်နှင့် မခြား ပူဇော်လှူဒါန်းကြ၍ စေတီတည်ရာ ဌာပနာတိုက်ပြုလုပ် ပြီးစီးလျှင် ၎င်းကျန်သော ဆံတော်မြတ် ဆယ်ဆူကို ရွှေးနည်းတူ ဌာပနာကြလေကုန်၏၊ ထိုနောက်မှ မင်းသား တကျိပ်နှင့် တကွ ထက်ဝက်သော ဗိုလ်ပါသင်းပင်းတို့သည် ပဌမဆံတော် ၁၁-ဆူကို ဌာပနာသော ဂူ၏အပေါ်တွင် စေတီ တည်ရန် ပြန်လာ

ကြပြီးလျှင် ဘိနပ်တော် ၁၅-တောင်၊ အမြင့် ၁၈-တောင်ရှိ စေတီကို တည်ထား ကိုးကွယ်ကြလေကုန်၏။

ဤသို့အားဖြင့် ဆံတော် ဆယ့်တဆူ ဌာပနာထားသော စေတီတော်ကို **ကောဒသစေတီတော်** ဆံတော်ဆယ်ဆူ ဌာပနာသော စေတီတော်ကို **ဒသမစေတီတော်** ဟု မှည့်ခေါ်ကြလျက် ဘွဲ့တော်တံဆိပ် ခပ်နှိပ်ကြကုန်၏၊ ၎င်းစေတီတော်နှစ်ဆူကို ဘိနပ်တော်မှစ၍ လုံးပတ်အကျယ်အဝန်း အမြင့် ပမာဏ တူမျှစွာ တည်ကြကုန်ရာ သက္ကရာဇ် ၁၁၇-ခုနှစ် အတွင်း ပြီးမြောက် အောင်မြင်ခြင်းသို့ ရောက်လေသည်။ ထို့နောက် ကာလရှေ့လျှားသဖြင့် ဒသမ စေတီတော်ကို အလယ်အက္ခရာ (သ)နှင့် နောက်အက္ခရာ (မ) ကို ပြောင်းပြန်ထား၍ မှားယွင်း ခေါ်ကြခြင်းအရ ဒမသ စေတီတော် ဟူ၍၎င်း၊ ထိုစေတီတော်အနီးရှိ ရွာကိုလည်း ဒမသရွာ ဟူ၍၎င်း ခေါ်ဝေါ်ကြကြောင်း ၎င်းရွာသည် ရှေ့အခါက ကျိုက်မရောမြို့နယ်အတွင်းမှာ ပါဝင်ကြောင်း၊ လွန်ခဲ့သော ၁၂၇၄-ခုနှစ်လောက်က ကျိုက်မရော ကြာအင်းနှင့် ကော့ကရိတ် မြို့နယ်များကို ခွဲသောအခါ ကော့ကရိတ်မြို့နယ်အတွင်းသို့ ထည့်သွင်းခြင်းဖြစ်ကြောင်း၊ ၎င်း ဒမသဘုရားပွဲတော်ကို နှစ်စဉ် သင်းကြန်အခါ၌ ကျင်းပပြုလုပ်ကြလေသည်။

၉။ အထက်က ဖော်ပြခဲ့သော ဆံတော် တဆယ့်တဆူကို ဌာပနာထားသည့် ယခု ရေလယ်ဘုရားကြီးဂူနှင့် ခရီး တမိုင်ကွာ တောရကျောင်း ဆင်ပုန်းဂူ၊ ၎င်းဂူမှ နှစ်မိုင်ကွာ သက်နိုး

လှန်းတောင်၊ ၎င်းတောင်မှ ထားဝယ်မြို့သို့ အရောက် တိုးလျှိုးပေါက် ကြောင်း၊ ၎င်းပြင် ရှေးအခါက ဘုန်းတော်ကြီး "ကွန်ဒေါင်" ဟု ခေါ်သော (မွန်) ဘုန်းတော်ကြီးတပါးသည် ရေလယ်ဘုရားကြီးသို့ ရှိခိုး ပူဇော် ဖူးမျှော်ခညွှတ် ဝတ်ပြုအာရုံခံ အသွားအပြန်ပင် ပထဝီကသိဏ်းကို ဆင်ခြင်ရန်အကြောင်းဖြင့် ၎င်းဘုရားကြီးဂူမှ တောရကျောင်း ဆင်ပုန်းဂူ၊ ၎င်းဂူမှ သက်န်းလှန်း တောင်သို့ မြေလျှိုး၍ ကြွသွားကြောင်း၊ ၎င်းတောင်၌ နေ့သန့်၍ သင်္ကန်း လှန်းသောကြောင့် သင်္ကန်းလှန်းတောင်ဟု ခေါ်ကြောင်း၊ ၎င်းကုန်းတော်ကြီးသည် လောကီပညာ အဖြာဖြာကို ကောင်းစွာတတ်သည့် အလျောက် ပထမံပေါက်သဖြင့် ဝိဇ္ဇာမြောက်၍ ရွှေ၊ ငွေရတနာများရှိသည့်နေရာကို သေချာစွာ သိမြင်နိုင်သောအစွမ်းသတ္တိရှိကြောင်း၊ ၎င်းပြင် တောရကျောင်း ဆင်ပုန်းဂူတွင် ရှေးအခါက ရွှေ၊ ငွေရတနာမှစ၍ လူတို့ အသုံးအဆောင်အမျိုးမျိုးရှိကြောင်း၊ ၎င်းပစ္စည်းများကို မည်သည့် အခါပြန်ထားပါမည်ဟု ဂတိသစ္စာနှင့် ချေးငှာ ယူပါလျှင် လိုရာပစ္စည်းများကို ရနိုင်လေရာ ဝိပတ္တအခါတွင် လူသတ္တဝါအချို့ ရှေးကဲ့သို့ ဂတိသစ္စာ တည်ကြည်ခြင်းမရှိ၍ ခေတ္တဆိုလျက် ယူသွားသောပစ္စည်းများကို တဖန်ပြန်၍ မထားကြသောကြောင့် ၎င်းတောရကျောင်း ဆင်ပုန်းဂူသည် ပိတ် သွားပြီး ဖြစ်လေသည်။

၎င်းဆင်ပုန်းဂူ ဟု ခေါ်တွင်ခြင်း အကြောင်းမှာ ဘုရားအလောင်းတော်သည် ကောင်းကင်ပျံ မြေလျှိုး ဆဒ္ဒန်ဆင်

မျိုး၏သနင်း ဆဒ္ဒန်ဆင်မင်း ဘဝ၌ ဖြစ်တော်မူစဉ် အခါက ဤဂူမှ သုံးမိုင်ကွာ ယခု ဆင်တောင်ဟူ၍ လူအများခေါ် ဆိုကြသော တောင်တွင် ဆဒ္ဒန်ဆင်မျိုးပေါင်းများစွာနှင့် ပျော်မွေ့ခါ စိုးစံနေထိုင်လျက်ရှိလေ၏၊ ဒေဝဒတ်အလောင်းဆင်မင်းသည်လည်း ဆင်ပေါင်းများစွာနှင့် (ယခု မီးပြတိုက် ပြုလုပ်ထားသည့် ဆေးဘိုကျွန်းခေါ်သော ကျွန်းတွင်) သီးခြား အုပ်ချုပ် မင်းလုပ်လျက် နေလေ၏၊ အခါတပါး ဘုရားအလောင်းနှင့် တိုင်းပြည်ထောင်ချင်း မသင့်မတင့် စစ်ခင်းကြလေရာ ဒေဝဒတ်အလောင်းနှင့် ဆင်ပေါင် များစွာမှာ ကောင်းကင်ပျံ မြေလျှိုးနိုင်သည့် စွမ်းရည်သတ္တိ မရှိသောကြောင့် အရှုံးပေးလျက် ပြေးဝင်ပုန်းအောင်းကြသော ဂူဖြစ်၍ ဆင်ပုန်းဂူဟု ခေါ်ကြောင်း၊ ၎င်းဂူ မြောက်ဖက် အနီးတွင်လည်း ဆဒ္ဒန်ဆင်မျိုးမှ စွန့်ချခဲ့သော ကျင်ကြီးတုံးသည် ကျောက်ဖြစ်နေ၍ ၎င်း ကျောက်တုံးပေါ်တွင် စေတီတော်တဆူ တည်ထားရာ ဘွဲ့တော်မှာကား ဆင်ကျင်ကြီးတုံးဖြစ်သည့် ကျောက်ပေါ်တွင် တည်ထားသောကြောင့် **ဆင်ကျင်ကြီးတုံးစေတီ** ဟု ယခုတိုင် ခေါ်ကြလေသည်း ၎င်းဆင်ပုန်းဂူတောင်ဘက် တမိုင်ကျော်ကျော် ကွာသော ပင်လယ်ထဲတွင် အထိကရ ကျောက်ဆောင်ကြီး တည်လျက်ရှိရာ ထိုကျောက်ဆောင်မှာ ရေကျမှသာလျှင် ထင်လျှားစွာ မြင်နိုင်ကြောင်း။

၎င်းကျောက်ဆောင်ကို ရဲလှကျောက်ဆောင်ဟု ခေါ်ကြသည်၊ ဤသို့ ရဲလှ ကျောက်ဆောင် ခေါ်တွင်ခြင်းမှာ အလောင်းစည်သူ မင်းတရားကြီးသည် ဇမ္ဗူဒိပ်ကျွန်းများ

ကို ပေါင်ဘော်နှင့် လှည့်လည်ရှုစားရာ ထိုကျောက်ဆောင် အနီးသို့ ရောက်သည့်အခါ ဖောင်တော် ဆိုက်ကပ်၍ တက် ရောက်ရှုစားစဉ် ရဲလှခေါ် မိဖုယားငယ်သည် ပေါင်ဘော် မှ ဆင်းသက်ကြည့်ရှုနေခိုက် မိဖုယားကြီးက အကောက် ဉာဏ်ဖြင့် ကြံစည်၍ ပေါင်ဘော်ထွက်ရန် အမိန့် ပေးလေရာ ဖောင်ဘော်ထွက်ခွါရလေသည်၊ ထိုသို့ ပေါင်တော်ထွက်ခွါ သွားပြီးနောက်မှ ရဲလှမိဖုယား သိရ၍ အရှေ့ အနောက် တောင် မြောက် ဝဲယာ ကြည့်ရှုပါသော်လည်း ကယ်ဆယ် မည့်သူ မမြင် ရေအယဉ်သည် တသင်သင် တိုးတက်လာရာ ရဲလှမိဖုယားက ဒေါသစိတ်နှင့် အဓိဋ္ဌာန်ပြုသည်မှာ "ငါသည် မကြာမီ ဤရေဘေးနှင့် ဘဝတပါး ပြောင်းသွားရတော့ မည်၊ လားရာဘဝ၌ ငါ၏ အသံတကြား သတ္တဝါများကို စားရသော ကိုယ်ဖြစ်ရပါလို၏" ဟု အဓိဋ္ဌာန် ပြုပြီးနောက် ရေတွင် နစ်မြုပ် သေဆုံးရသဖြင့် "ယူတိမ်း၍ အစိမ်းဖြစ် လေရာ မိုးဥတုအခါတွင် ၎င်းကျောက်ဆောင်မှ အသံ ကြီးမားစွာ ကြားရသော် ရဲလှ အော်သည်ဟု ပြောဆိုလေ့ ရှိကြသည်၊ ရေလမ်းခရီး၌ သွားလာသူအချို့ သေမှုမှောက် လှေပျက် ရေနစ်၍ သေဆုံးကြသည်ကို ရဲလှဘမ်းစားသည် ဟု ယခု ထက်တိုင် ထို နယ်တဝိုက်၌ အချို့လူများ အယူ သည်း စွဲလမ်းလျက် ပြောဆို နေကြသေးကြောင်း သမိုင်း ဟောင်းမှ တဖြာ ပေါရာဏ စကားမှ တဖုံ အလုံးစုံကို ဖော်ပြ ထားသည်။

၁၀။ မင်းသားညီနောင်တို့သည် အထက်က အပိုဒ် ၈- တွင် ပြခဲ့ပြီးသော မိမိတို့တည်ထားသည့် ဒသမစေတီဘော်ကို

နေ့စဉ်မပြတ် အာချုပ်ပူ၍ ပူဇော် ကန်တော့ ကြရလေအောင် ဘုရားအနီးအပါးတွင် မြို့ရွာ တည်ဆောင်ရန် သဘောဘူကြ သဖြင့် ၎င်းစေတီတော်မြတ်၏ တောင်ဘက်ခရီးတာ ပေါင်း ၇၅၀၀ ကွာသော ကော့ဘိန်းအရပ်တွင် သက္ကရာဇ် ၁၁၇-ခု နှစ်မှာပင် မြို့ရွာတည်ထောင်ပြီးလျှင် နောင်တော် အကြီးဆုံး သည် စိမ်အုပ်ချုပ် မင်းလုပ် စိုးစံ လေ၏။ ထိုမြို့၏ အမည်မှာ **ရမ္မပူရ-ရမ္မာဝတီ** ဟူ၍ နှစ်မည် တွင် ကြောင်း၊ ၎င်း ပြင် မြတ်စွာ ဘုရား ပရိနိဗ္ဗာန် စံလွန်တော် မူပြီးနောက် သက္ကရာဇ် ၁၅၇ ခုနှစ် အတွင်း (မွန်) မင်း မိုန်းပွန်းဒုရပ်က ထိုဒေသ သည် ဥတုသပ္ပါယ မညီမျှ ရောဂါဝေဒနာ ထူပြောသည် ဖြစ်၍ မြို့သစ်တည်ဆောက်ရမည် ဟု အမိန့်တော်အတည်ပြုပြီး အလွန် တောမြိုင်ကြီးသဖြင့် ဥဒေါင်း ပေါများသော မြင်လေးမှာ ဆိုင် ပြွန်ဇလိုင်းအနားရှိ တောချားကို ခုတ်ထွင် ရှင်းလင်းပြီး လျှင် မြို့ရွာတည်ဆောင်လေ၏။ ၎င်းမြို့ကိုလည်း ပဌမ အမည် ဖြင်သော (ရမ္မပူရ- ရမ္မာဝတီ) ဟူ၍ အမည် နှစ်မည်လုံးပင် ခေါ်တွင်ပြန်သေ၏။ နောက် များခကြာခဲ ထိုမင်း မျက်စေ့ ကွယ်လွန်တော် မူသောကြောင့် ၎င်းမြို့ကို မွန်ဘာသာဖြင့် **ထုံမွတ်လုံ** ဟု ခေါ်ကြပြန်လေ၏။ မြန်မာပြန်ဆိုသော်မျက်စေ့ ကန်း မြို့ဖြစ်သည်။ မြို့ကြီး တည်ထောင်သည့် နေရာတွင် ဥဒေါင်းပေါများသော တောကြီး မြိုင်ကြီးများကို ခုတ်ထွင် ရှင်းလင်း တည်ဆောင် ရသောကြောင့် မြန်မာ ဘာသာဖြင့် **မောရမြိုင်** ဟု ခေါ်ကြသည်။ ၎င်းအမည်မှာ ကာလရွေ့လျော ၍ ယခု **မော်လမြိုင်** ဟု ခေါ်ကြ သေသည်။ ထိုနောက် သက္ကရာဇ် ၁၁၇ ခုနှစ်၌ပင် မင်းသားသုံးပါး ကျွန်ုပ်တို့သည် မိမိတို့

# (၂၂) ကျိုက္ခမီမြို့ ရေလယ်ဘုရားကြီးသမိုင်း

ရေလယ်ကျောက်ဆောင်ပေါ်တွင် တည်ထားသော ကောဒသ စေတီတော် အနီးအပါးမှာ မြို့ရွာ တည်ထောင်၍ နေသေကုန်၏။ ထိုမြို့ကို မွန်ဘာသာဖြင့် (တုံဇောင်ဟာဗစ်-တုံဇောင်ပီ)ဟူ၍ နှစ်မည် နာမ ခေါ်ဝေါ်ကြသေသည်။ မြန်မာပြန်သော် သမုဒ္ဒရာနားမြို့၊ ပင်လယ်နားမြို့ ဟု ဆိုလိုသည်။

၁၁။ မြတ်စွာဘုရားသခင် ပရိနိဗ္ဗာန် စံယူတော်မူပြီးသည့်နောက် သက္ကရာဇ် ၂၁၇-ခုနှစ်သို့ ရောက်လတ်သော် သီဟိုဠ်ကျွန်းကို ထီးဖြူအုပ်ချုပ်မင်းလုပ်စိုးစံတော်မူသော ဒေဝါနံပိယတိဿ မင်းကြီးသည် သမာဓိဉာဏ်ပညာဖြင့် အကြံဖြစ်တော်မူ၍ သိရိမှာသောကား နာမပြန်သင်း ကောရာဇ်မင်းမြတ်၏ ဩရသရင်နှစ် ရဟန္တာ ဖြစ်တော်မူသော မဟိန္ဒာထေရ်အား လျှောက်ထားသည်မှာ ဘုရားရှင်၏ ဆံတော်မြတ်မှစ၍ သရီရ ဓာတ်တော်တို့ တည်နေ ကိန်းအောင်း တော်မူသော အရပ် ဒေသများ၌ မြတ်စွာဘုရား၏ သဏ္ဌာန်တော်ကို တရံ တဆစ်မျှ မမြင်မဖူးကြရသောကြောင့် မည်ကဲ့သို့ သဒ္ဓါတရား ပွား၍ ကြည်ညိုရ မည်ကို မသိနိုင်ဘဲ ရှိကြပါလိမ့်မည်။ ဤသို့ ဘုရား ရှင်သဏ္ဌာန်တော်ကို မဖူးမမြင်ရဘူးသဖြင့် ကြည်ညိုခြင်း နည်းလိမ့်မည် ဖြစ်သောကြောင့် မြတ်စွာ ဘုရား၏ သဏ္ဌာန်တော်ထုလုပ်ပြီးလျှင် အရှင်ဘုရားတို့၏ တန်ခိုးတော်ဖြင့် ထိုထို သို့သော အရပ်ဒေသများသို့ ရုပ်ပွားတော်များ ကြွရောက်ပါသော် ဘုရားရှင် ကိုယ်တော်တိုင်ကို ဖူးမြင်ရသကဲ့သို့ သဒ္ဓါတရား ပြန့်ပွားကြပါလိမ့်မည်၊ သို့ဖြစ်ပါသောကြောင့် ရုပ်ပွားတော်များ ထုလုပ်ရန် တကာတော် တာဝန်ခံပါမည်၊ အရှင်

မြတ်များက သာသနာတော်တည်ရာ မြန်မာပြည်သို့ ရုပ်ပွားတော်များ ကြွရောက်တော်မူအောင် ဆောင်ရွက်ပါမည့်အကြောင်းနှင့် လျှောက်ထားတောင်းပန် အသနားခံလေက အရှင် မဟိန္ဒထေရ်မြတ်သည် ကောင်းပြီဟု ဝန်ခံပြီးလျှင် ရဟန္တာဖြစ်တော်မူသော ဥပတိဿမထေရ်အား ဆောင်ရွက်ရန် တာဝန်ပေးလေရာ ဒေဝါနံပိယတိဿ မင်းကြီးသည် ဂွမ်းဆီထိပမာ ဝမ်းမြောက်ဝမ်းသာဖြစ်၍ နန်းတော်သို့ ပြန်လေ၏။

ထိုခဏ၌ တာဝတိံသာ နတ်ပြည်ရှင် ဘုရင်သိကြားမင်းသည် ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာ၏ တင်းမာပူလောင်မှုကြောင့် လူ့ပြည်သို့ ရှုကြည့်လေလျှင်၊ ဒေဝါနံ ပိယတိဿမင်းကြီးသည် မြတ်စွာဘုရားသခင်၏ကိုယ်စား ရုပ်ပွားတော်များအလိုရှိသည့် အချင်းအရာ ဖြစ်ကြောင်းကို သိတော်မူ၍ ဉာဏ်တော်တတောင်နှင့် လက်ဆယ့်နှစ်သစ်ခန့်ရှိ ရုပ်ပွားတော်လေးဆူကို စန္ဒကူးသားများဖြင့် ပြုလုပ်ဖန်ဆင်း၍ ဓာတ်တော်နှစ်ဆူစီ ဌာပနာပြီးမှ ရုပ်ပွားတော်များကို ဒေဝါနံပိယတိဿမင်းကြီး၏ ရာဇပလ္လင်ပေါ်တွင် တင်ထားလေ၏။

ထိုညဉ့်လွန်မြောက် မိုးသောက်ထ၌ မင်းကြီးသည် ရုပ်ပွားတော် လေးဆူကို ဖူးမြင်ရလေလျှင် ပီတိ သောမနဿအလွန်ဝမ်း မြောက်လှသောကြောင့် ရဟန္တာ ကိုယ်တော်မြတ်များစွာတို့ကို လျှောက်ထားပင့်ဖိတ်၍ များစွာသော အလှူကြီးကို ပေးပြီးလျှင် တပက္ခ (ဆယ့်ငါးရက်) ပတ်လုံး ရုပ်

ပွားတော် လေးဆူကို အထူးထူးသော ပူဇော်ခြင်းတို့ဖြင့် ပူဇော်၍ အထူးထူးအပြားပြား များစွာသော ပွဲလမ်းသဘင် စီစဉ်ကျင်းပပြီး ဥပတိဿ ရဟန္တာ အရှင်မြတ်သည် ၎င်းရုပ်ပွားတော် လေးဆူအနက် နှစ်ဆူသော ရုပ်ပွားတော်များကို သင်္ကန်းတုံးနှစ်တုံးပေါ်မှာ တဆူကို ကျွန်းတုံးပေါ်မှာ ကျန်တဆူကို ကျောက်လှည်းဘီးပေါ်၌ တင်ပြီးလျှင် ဇမ္ဗူကောလသင်းဘောဆိပ်မှ သရီရဓာတ်ဆံတော်မြတ်တို့ ကိန်းဝပ်စံပယ်တော်မူလိုသော အရပ်ဌာနတို့၌ တည်တန့်ပါစေသတည်းဟု အဓိဋ္ဌာန်ပြုပြီးလျှင် ပင်လယ်ပြင်သို့ မျှောလိုက်လေ၏။

ထိုနောက် ကျွန်းတုံးနှင့် မျှောက်လိုက်သော ရုပ်ပွားတော်သည် ရခိုင်ပြည်မှာ ကျောက်လှည်းဘီးနှင့် မျှောလိုက်သော ရုပ်ပွားတော်မြတ်သည် ကျိုက်ထိုမြို့မှာ သင်္ကန်းတုံး တတုံးနှင့် မျှောလိုက်သော ရုပ်ပွားတော်သည် ထားဝယ်မြို့မှာ ရုပ်တန့်တည်နေတော်မူသည်၊ အခြားသော သင်္ကန်းတုံး တတုံးနှင့် မျှောလိုက်သော ရုပ်ပွားတော် တဆူသည် ယခု ရေလယ်ကျောက်ဆောင်နှင့် မနီးမဝေး အလံ ငါးဆယ် အကွာတွင် ရေတက် ရေကျသော်ငြားလည်း မရွေ့လျားဘဲ တည်မြဲရုပ်တန့်တော်မူလေ၏။ သို့ရုပ်တန့်နေတော်မူသည်ကို တုံ့ဇောင်ပီမြို့သူ မြို့သားများတို့ ဖူးမြင် တွေ့ကြသောကာလ သေ့နှင့်ကူးပြီးလျှင် သင်္ကန်းတုံးကို ကြိုးတပ်လျက်ရုပ်ပွားတော်မြတ်ကို ကုန်းပေါ်သို့ ဝိုင်းဝန်းဆွဲတင်ကြပါသော်လည်း အနည်းငယ်မျှမလှုပ်မရှား မကြွ မပါတော်မူဘဲ တည်မြဲတိုင်း နေရာ၌သာတည်နေတော်မူလေ၏။ ၎င်းနောက် အသီးသီး သစ္စာဓိဋ္ဌာန်

ပြု၍ ဆွဲငင်ကြပါသော်လည်း ရွေးနည်းအတူ တည်ဘော်မူ၍သာ နေသေ၏။

ထို့နောက် ဝင်းမြို့တွင် အကျင့်သီလ သမာဓိနှင့် ပြည့်စုံသော မုဆိုးမတဦးသည် ချည်ခင်မှ ချည်ပင်နှင့် သက်န်းတုံးကို ရစ်ပတ်ပြီးလျှင် "ဘုရားတပည့်တော်မသည် မှတ်မိသောအရွယ် ငယ်စဉ်ကပင် ယခုထက်ထိ စေတနာနှင့်တကွ ငါးပါးသီလ၌ ကျူးလွန် ပျက်ကွက်ခြင်းမရှိပါ၊ ထိုသစ္စာမှန်က ဘုရားကိုယ်တော်မြတ်သည် ကြွလာတော်မူပါစေသတည်း"ဟု အဓိဋ္ဌာန်ပြု၍ ချည်ပင်ကို ကိုင်လိုက်သည်နှင့်တပြိုင်နက် သက်န်းဘုံးနှင့်တကွ ရုပ်ပွားတော်သည် ယခုဝတ်ကျောင်းကြီးတည်ဆောက်ပြုလုပ်ထားသော နေရာအနီး ကုန်းပေါ်သို့ သာသနာတော်သက္ကရာဇ် ၂၁၇-ခုနှစ်၊ နတ်တော်လဆန်း ၁၅-ရက် (လပြည့်နေ့)၌ ကြွရောက်ပါလာတော်မူလေသည်။

၁၂။ ဝင်းရုပ်ပွားတော် အရှင်မြတ်ကို ရှမ်းခင်းသားများ တည်ထားသော ဧကာဒသစေတီတော်၏ အရှေ့မုတ်ထဲတွင် ပင့်၍ ထားလေလျှင် တောင်အရပ်ဖြစ်သော ပင်လယ်ဘက်သို့ မျက်နှာတော်လှည့်၍ ငံနေတော်မူ၏၊ တဖန် အရှေ့ဘက်သို့ မျက်နှာဘော် လှည့်၍ ထားပြန်သော် ဘောင်ဘက်သို့ပင် မျက်နှာတော်မူလျက် ရှိလေသည်၊ ထို့နောက် တောင်ဘက် မုတ်ထဲပင့်ဆောင်၍ ထားမှသာ မျက်နှာတော်ကို ဖူးမျှော် ကြရလေကုန်၏၊ ဝင်းနောက် ဧကာဒသ စေတီတော်သည် ပျက်စီးယိုယွင်းသျက် ထိုဆံတော်မြတ် ၁၁-ဆူ ဌာပနာသား

## (၂၆) ကျိုက္ခမီမြို့ ရေလယ်ဘုရားကြီးသမိုင်း

သော ကျောက်ဆောင်ကြီး ပတ်လည်တွင် ဝတ်ကျောင်းကြီး တည်ဆောက် ပြုလုပ်ကြပြီးလျှင် ရုပ်ပွားတော် အရှင်မြတ်ကို ပင့်ထားရာ ချေးကကဲ့သို့ပင် ဘောင်ဘက် ပင်လယ်ပြင်သို့ မျက်နှာတော်မူလျက်သာ စံနေတော်မူလေသည်။

အထက်အပိုဒ် ၁၁-တွင် ပါရှိသည့်အတိုင်း မုဆိုးခကြီး ဓိဋ္ဌာန်၍ ရုပ်ပွားတော် ကြွရောက်ပါလာတော်မူသည်ကို အစွဲပြု၍ တု ဇောင်ပီမြို့ကို **မုဆိုးမမြို့** ဟု ခေါ်တွင်လေသည်၊ ထို့ပြင် ရုပ်ပွားတော် မျက်နှာမူသည်ကို အစွဲပြု၍ မွန်စကားဖြင့် **ကျိုက်ဟမီ** မြန်မာသို **ဘုရားမျှော်** ဟု အဓိပ္ပာယ်ရလေသည်။

မွန်ဘာသာအခေါ် (ကျိုက်ဟမီ) ကို ကာလရွေ့လျော လာသောကြောင့် မြန်မာဘို့ အခေါ်မှာ (ကျိုက္ခမီ) ဖြစ်လေသည်၊ မွန်လူမျိုးဘို့သည် ယခုတိုင် (ကျိုက်ဟမီ) ဟူ၍သာ ခေါ်ဝေါ်ကြလေသည်။

**ကျိုက္ခမီမြို့ ရေလယ်ဘုရားကြီးသမိုင်းပြီး၏။**

# အရေးပြရမှတ်သားရန်အချက်များ

၁။ ရေလယ်ဘုရားဝတ်ကြီးအတွင်း၌ ရုပ်ပွားတော် အရှင်မြတ်မှာ ဥာဏ်တော် နှစ်တောင်ခန့်ရှိသည်၊ ကျောက်ဆောင်ပေါ်တွင် နဂါးချုပ်နှင့် နဂါးဦးခေါင်း အုပ်မိုးလျက် တည်ရှိသည်၊ ၎င်းကျောက်ဆောင်ကို ဘောင်သဏ္ဍာန် ပြုပြင်ထားသောကြောင့် ဘုရားကိုယ်တော် အရှင်မြတ်မှာ တောင်ထွဋ်ဖျားတွင် တည်နေသီတင်းသုံးတော်မူသကဲ့သို့ ရှိသည်၊ ၎င်းရုပ်ပွားတော်အောက် ( ထိုဘောင်သဏ္ဍာန်ပတ်လည် အပေါ်ထပ်တွင် ) ဥာဏ်တော် သုံးတောင်စီရှိ ရုပ်တုတော် ရှစ်ဆူ၊ အောက်ထပ်တွင် ဥာဏ်တော် ငါးတောင့်ထွာခန့်ရှိ ရုပ်တုတော် ရှစ်ဆူနှင့် ရုပ်တုတော်ကြီး လေးဆူ၊ မျက်နှာတော်ချင်းဆိုင် သောင့်လေးထောင့်၌ တထောင့်လျှင် ဥာဏ်တော် သုံးတောင်ခန့်ရှိ ရုပ်ပွားတော်တဆူစီ တည်ထားလျက်ရှိသည်။

သီဟိုဠ်ကျွန်း ဇမ္ဗူကောလ သင်းဘောဆိပ်မှ ရှင်ဥပတိဿ ရဟန္တာမြတ် အစီအစဉ်ပြု၍ မျှောတော်မူလိုက်သည့် နဂါးဦးခေါင်းအုပ်မိုးလျက်ရှိသော ရုပ်ပွားတော်ကို ယခု **ရေလယ်ဘုရားကြီး** ဟု ဘွဲ့တော်နာမ သမုတ်ကြသော ရုပ်ပွားတော် အစစ်မှာ အံ့ဘွယ်ငါးဖြာနှင့် အထူးသင် ပြည့်စုံတော်မူပါပေသည်။

## (၂၈) အရပ်ရပ်မှတ်သားရန် အချက်များ

### အံ့ဘွယ်ငါးပါး

၁ ဘုရားပတ်လည် အနီးအပါးတွင် ကျောက်ခဲငယ်များ မရှိဘဲနှင့် ၎င်းဘုရားအရှေ့ဘက် မိန်းမများ အာရုံပြု၍ ပူဇော်ကန်တော့သော နေရာနှင့်တကွ အလျား အတောင်တရာ၊ အနံ အတောင် သုံးဆယ်ခန့်ရှိသော ထက်ဝန်းကျင်နေရာများ၌ အလိုအလျောက်ကျောက် ခဲငယ်များ ပြန့်နှံ့လျက်တနှစ်ထက်တနှစ် ပွားများလာခြင်း။

၂ အခြားတပါးသော အရပ်များ၌ရွှံ့နွံများစွာရှိငြားသော်လည်း ၎င်းကျောက်ခဲငယ်များ ရှိရာအရပ်၌ ရွှံ့နွံကင်းလွတ်ခြင်း။

၃ ရေတက် ရေကျသောအခါ ဘုရားသွားရာ လမ်းတလျှောက်တွင် လှိုင်းများသည် ဘုရားကို ကန်တော့သည့်သဏ္ဍာန်ဖြစ်ပြီးမှ ရေတက်ရေကျဖြစ်ခြင်း။

၄ မည်မျှလောက် လှိုင်းလေနှင့် ရေကြီးမြင့်လွှမ်းမိုး၍ ပင်လယ်ရေတက်လာသော်လည်း ဘုရားဝတ်ကျောင်း အဆင့်ပေါ်သို့ ရေမရောက်ပါ၊ ပင်လယ်ရေများမှာ ဘုရားဝတ်ကျောင်းအောက်သို့ ဒယ်အိုးသဏ္ဍာန် ခွက်ပြီးလျှင် အခြားဘက်သို့ လှိုင်းပုတ်လျက် ထွက်သွားခြင်း။

၇ ဘုရားဝတ်ပေါ်သို့မိန်းမများဘက်ခွင့်မရ၊ ရှေးအခါက မသိ၍ တက်မိသော မိန်းမများမှာ တစုံတရာ ဝေဒနာ ကပ်ရောက်ခြင်း၊ အချိန်အခါနှင့် လေပြင်းမုန်တိုင်း ကျခြင်း၊ မိုးကြီးစွာ ရွာသွန်းခြင်းအားဖြင့် ပေါင်း အံ့ဘွယ်ငါးပါးဘည်း။

၂။ ယခုအခါ တစုံတယောက်သော မိန်းမမျှ ဘုရားကြီး ဝတ်ကျောင်းပေါ်သို့ တက်ဝံ့သူမရှိ၊ ထိုကဲ့သို့ ဝေဒနာအန္တရာယ် ကပ်ရောက်ခြင်းကို သောက်ထားဆင်ခြင်လျှင် ဘုရားရှင်တို့၏ ထုံးဘမ်းစဉ်အလာ စရိယသုံးပါးမှာ....

၁ လောကတ္ထစရိယ-သတ္တလောက တည်းဟူသော လူ, နတ်,ဗြဟ္မာ သတ္တဝါတို့အကျိုးငှါ ကျင့်တော်မူခြင်း။

၂ ဉာတတ္ထစရိယ-ဆွေဘော်မျိုးဘော်တို့ အကျိုးငှါ ကျင့် တော်မူခြင်း။

၃ ဗုဒ္ဓတ္ထစရိယ-ကိုယ်တော်ဘိုင် ဘုရားအဖြစ်သို့ ရောက် အောင် ကျင့်တော်မူခြင်း။

ဤကဲ့သို့ စရိယသုံးပါးကို သောက်ထား ပြုကျင့်တော်မူ လျက် ဘယ်အတွက်ကြောင့် မိန်းမများ မတက်ရသည်ကို ဆင်ခြင်စဉ်းစားပါလျှင်၊ ဆံတော်ဆယ့်တဆူတို့သည် ကျောက် သောင်အတွင်းရှိ ဂူထဲတွင် ကိန်းဝပ် စံပယ်နေတော်မူသော

ကြောင့် ( ဆံတော်ဓာတ်တို့၏ အမြင့်က ) ဝတ်ကျောင်းပေါ်မှ မိန်းမများ နေခြင်းကို ဆံတော်စေ့ဝင့် နတ်များ မကြိုက်မနှစ်သက်သောကြောင့် နောက်နောင် မတက်ငံ့စေခြင်းငှါ နတ်များ ချောက်လှန့်သည်ဟု တွေးတောယူဆရန် ရှိလေသည်။

၃။ လွန်ခဲ့သော ၁၂၇၅-ခုနှစ် တန်ဆောင်မုန်းလဆန်း ၅-ရက်နေ့ ညနေ ၄-နာရီအချိန် ရေသတ္တဝါ နဂါးသည် ရေလယ်မြတ်ဘုရားအား ဖူးမျှော်ရန် လာရောက်သည်ကို အချို့လူများ တွေ့မြင်ရကြောင်း သမိုင်းဟောင်း၌ဆိုသည်၊ သို့ဖြစ်ပါ၍ အဟိတ်သား ရေသတ္တဝါ နဂါးသော်မှ ဘုရားတည်းဟူသော သရဏဂုံကို ယုံကြည်ခြင်းထူးသဖြင့် ဖူးမျှော်ရန်လာရောက်လေသည်၊ အကျွန်ုပ်တို့ လူသတ္တဝါဒွိဟိတ် တိဟိတ်သားတို့မှာ အဘယ်သို့ ဆိုဘွယ်ရာမရှိ၊ ဂွမ်းဆီထိပမာ ပီတိသောမနသာ စေတနဖြင့် ဖန်ခါခါ ဆည်းကပ်၍ မပြတ် မလပ်ကြည်ညို ဖူးမျှော်ကြပါမည့်အကြောင်း သူတော်ကောင်းစေတနာနှင့် သတိပေးနှိုးဆော်ပါသည်။

၄။ ဤကဲ့သို့ ရုပ်ပွားတော် ဆင်းတုတော်များကို ကိုးကွယ်ဆည်းကပ် ရှိခိုးပူဇော် ဖူးမျှော်ခြင်းနှင့် စလျဉ်း၍ မြစ်သားမြို့ အမိန့်တော်ရရှေ့နေ ဦးစံဘော၏ လျှောက်ချက်ဖြစ်သော ငှက်တွင်းဂိုဏ်းပုစ္ဆာငါးရပ်ကို လယ်တီဆရာတော် ဘုရားကြီး ဖြေရှင်းတော်မူချက်များ နောင်လာနောက်သား လူအများတို့ မှတ်သားနာယူကြရန် ရှည်သန်ခြင်းဖြင့် ထည့်သွင်း ဖော်ပြလိုက်ပါသည်။

# အရပ်ရပ် မှတ်သားရန် အချက်များ (၃၁)

၁ သစ်သားရုပ်တု-ဆင်းတု ကိုးကွယ်ရာတွင် အနေကဇာ တင်ခြင်းနှင့် မတင်ခြင်းသည် အဘယ်သို့ ခြားနားပါ သနည်းဟူသော ပုစ္ဆာအဖြေကား....

မြတ်စွာဘုရားသခင်သည် ရှေးဦးစွာ အရဟတ္တ မဂ်ဉာဏ် သဗ္ဗညုတဉာဏ်တော်ကို ရတော်မူပြီး၍ ဘုရားအဖြစ်သို့ ရောက် သောအခါ လွန်စွာ ဝမ်းမြောက်တော်မူ၍ အနေကဇာဘင် ဂါထာများ ကျူးရင့်တော်မူ၏၊ ရုပ်ပွားဆင်းတု ပြုလုပ်မှုမှာ ရုပ်ပုံရုပ်သွင် သဏ္ဌာန် ပြည့်လျှင် ရုပ်ပွားတော် အစစ် ဖြစ်၏၊ သို့သော် ရုပ်တု, ဆင်းတုဆိုသည်နှင့်အညီ ဘုရားအစစ် ဖြစ်ခဲ့ သော အရေးအခွင့်ကို အတုလိုက်၍ ပြုလုပ်နိုင်သမျှ ကောင်း မြတ်သည်သာ ဖြစ်သောကြောင့် ရုပ်ပွားဆင်းတုများကို အနေ ကဇာဘင်မှုကို ပြုကြလေ၏၊ ပြုသည့်အတွက်လည်း ကုသိုလ် အပိုအမို အထူးဖြစ်ရပြန်၏။

၂ အနေကဇာတင်သော ဆင်းတုကို ကိုးကွယ်ရှိခိုးရာ၌ ကုသိုလ်ရ, မရဟူသော ပုစ္ဆာ၌ ဖြေဆိုဘွယ်အထူးမရှိ ပဌမပုစ္ဆာအဖြေနှင့်ပင် ပြေပြီးဖြစ်၏။

၃ လူသားသတ္တဝါနှင့် အသက်မဲ့ သစ်သားသည် မည် သည်ကို ကိုးကွယ်ရှိခိုးထိုက်ပါသနည်း၊ မည်သည်က သာသို့ မြတ်ပါသနည်း။

၄ သို့ဖြစ်လျှင် လူသားကိုယ်တိုင်ကို အနေကဇာတင်၍ ရှိခိုးပူဇော်က သာ၍မမြတ်ဘဲ ရှိမည်လော။

၅ ထိုလူသားကို ဘုရားအဖြစ် ကနေကဇာ မတင်ဘဲ ဘုရားဟူ၍ ဝန်ခံကာမျှ ဘုရားမှတ်၍ ရှိခိုးခြင်းသည် မှန်သောဘုရားကို ရှိခိုးရာ ရောက်မည်လော ဟူသော အမေးပုစ္ဆာ သုံးချက်သည် (အရေးမပါ အရာမရောက်) ကတောက်ကတက် ပုစ္ဆာများဖြစ်၍ ဖြေဘွယ် ကိစ္စမရှိပြီ (အရေးမပါ အရာမရောက်) ဆိုသည်ကား အသက်မရှိသော သစ်သားကို အစွဲပြုရသော အရာမျိုးမဟုတ် အသွင်သဏ္ဍာန် များသာ လိုရင်းဖြစ်၏၊ ထိုသို့ဖြစ်ပါလျက် အသက်မရှိသော သစ်သားကို အစွဲပြု၍ မေးခွန်းထုတ်ခြင်းသည် အရေးမပါ အရာမရောက်ဖြစ်လေသည်၊ ထို့အတူ ကျောက်ဆင်းတု၊ ကြေးဆင်းတု၊ ငွေဆင်းတု များ၌လည်း ကျောက်, ကြေး,ရွှေ, ငွေများသည် လိုရင်းမဟုတ်၊ အသွင်သဏ္ဍာန်သာ လိုရင်းဖြစ်ကြောင်းကိုလည်း ဤဝတ္ထုများကို သောက်၍ ထင်ရှားစေရာ၏။

ဓမ္မာသောက မင်းကြီးသည် ကာလနဂါးကြီးကို ခေါ်၍ "မြတ်စွာဘုရား၏ အသွင်တော်ကို ဖန်ဆင်း၍ ပြပါ" ဟု ဆို၏၊ကာလနဂါးသည် မြတ်စွာဘုရား၏ အသွင်ဘော်ကို လက္ခဏာကြီးငယ် ရောင်ခြည်တော် ခြောက်သွယ်နှင့် တကွ ဖန်ဆင်း၍ ပြလေ၏၊ မင်းကြီးသည် မအိပ်ဘဲ ခုနစ်ရက်ပတ်လုံး ဖူးမျှော် ပူဇော်သည်ဟု ကျမ်းဂန်များဘွင်လာ၏။

သီဟိုဠ်ကျွန်း၌ ဖုဿဒေဝမထေရ်ကြီးသည် မာရ်နတ်ကြီးနှင့် တွေ့ကြရာတွင် "မြတ်စွာဘုရား၏ အသွင်

တော်ကို ဖန်ဆင်း၍ပြပါ" ဟု မာန်နတ်ကြီးကို ဆိုပေ၏၊ မာရ်နတ်သည် လက္ခဏာတော်ကြီးငယ် ရောင်ခြည်တော် ခြောက်သွယ်နှင့် တကွ ဖန်ဆင်း၍ ပြလေ၏၊ မထေရ်ကြီးသည်လည်း ဘုရား၏အသွင်ဘော်ကို မြင်ရ၍ မာန်နတ်မှန်း သိလျက်နှင့်ပင် ရှိမခိုး ဦးမချဘဲ မနေနိုင်၊ ရှိခိုးဦးချလေ၏၊ မာရ်နတ်သည် မထေရ်၏ ရှိခိုးဦးချခြင်းကို မခံနိုင်၍ ချက်ခြင်းပင် ကွယ်ရသည် ဟု ကျမ်းဂန်တို့၌ လာ၏။

ဤဝတ္ထုတို့၌ ကာလနဂါးကြီးသည် တိရစ္ဆာန်မျိုးဖြစ်သည့်အပြင် ရန်သူလည်းဖြစ်၏၊ ထိုသို့ဖြစ်ပါလျက် အသွင်တော်ကို မြင်ရသည့် အတွက် ဓမ္မာသောကမင်းကြီးနှင့် ဖုဿရေဝ မထေရ်ကြီးတို့ ရှိခိုးခြင်းကို ပြုကြလေ၏၊ အသွင်သဏ္ဌာန်သည် ဤမျှသဒ္ဓါတရားကို ပွားစေနိုင်၏၊ ဤဝတ္ထုများကို ထောက်သဖြင့် သစ်သား, ကျောက်, ကြေး, ရွှေ, ငွေ စသည့် အရာဝတ္ထုများသည် ပမာနမဟုတ်၊ အသွင်သဏ္ဌာန်တော်သာလျှင် ပမာနဖြစ်သည်ဟု ထင်ရှားလေ၏၊ ဘုရား၏ အသွင်သဏ္ဌာန် ဟု သိလျက်သားနှင့် ပြစ်မှားကျူးလွန်ပြုမိလျှင်လည်း အလွန်အပြစ်ကြီး၏၊ သက်တော် ထင်ရှား ရှိသော မြတ်စွာဘုရားကို ပြစ်မှားသည်နှင့် အလားတူ၏။

ဝတ်ကျောင်းကြီးမှာ စတရန်းပတ်လည် ၂၅-တောင်ကျယ်ဝန်းသည်၊အပိုဒ်(၁)တွင် ဖေါ်ပြခဲ့ပြီးသော ရုပ်ပွား

တော် ဘုရားအစစ်နှင့် ရုပ်တုတော်ပေါင်း ၂၀-ဖြစ်သော ဘုရားကိုယ်တော်မြတ်များ သီတင်းသုံးရာ တောင်သဏ္ဍာန် ပြုလုပ်ထားရှိသည့် ကျောက်ဆောင်၏ ရှေ့၊ နောက်၊ တောင်၊ မြောက် ပတ်လည် ဆောက်လုပ်ထားသည့် ဝတ်ကျောင်းကြီး ဖြစ်ပါသည်၊ ၎င်းဝတ်ကျောင်းကြီးနှင့် တဆက်ထည်း တောင်ဘက်က အလျား ၂၅-တောင်၊ အနံ ၁၅-တောင်ရှိ ဘုရားကျောင်းတဆောင်ကို ကျိုက္ခမီမြို့နယ် အနင်းရွာနေ ကုန်သည် ကိုပိုးဝမ်က ဆောက်လုပ် လှူဒါန်းပါသည်၊ ၎င်းကျောင်းပေါ်တွင် ဥာဏ်တော် လေးတောင်ခန့်ရှိ ကြေးဆင်းတု ဘုရားကိုယ်တော်ကြီးတဆူကို မြင်းမိုရ်တောင်နှင့် တာဝတိံသာ ပုံသဏ္ဍာန်ထုလုပ်သော ပလ္လင်နှင့်တကွ ပူဇော်ထားလျက် ရှိလေသည်၊ ၎င်းပြင် ဝတ်ကျောင်းကြီး အရှေ့ဘက် တဆက်ထည်းတွင် အလျား ၂၅-တောင် အနံ ၁၅-တောင့်ထွာရှိ ဘုရားကျောင်းတကျောင်းကိုလည်း ကျိုက္ခမီမြို့ ဘဲကုန်းရပ်နေ လှေသူကြီး ကိုအုန်းခိုင်က ဆောက်လုပ် လှူဒါန်းပါသည်။

၆။ ၎င်းဘုရား ဝတ်ကျောင်းကြီးများ အတွင်း အရှည်သုံးတောင့်ထွာ၊ အဖျားအနံ နှစ်တောင် အရင်းအနံ တတောင့်ထွာခန့်ရှိ ကျောက်ကို ထုလုပ်ထားသော ခြေတော်ရာပုံ ရှိပါသည်၊ ၎င်းအပြင် အမြင့်နှစ်တောင် အဝ အကျယ် တတောင့်ထွာခန့်ရှိ ရှေးအခါက စာတမ်းနှင့် တကွ သွန်းထု လှူဒါန်းထားသော ကြေးခေါင်းလောင်းကြီးလည်း ရှိပါသည်၊ နှစ်ပေါင်းများစွာ ကြာပြီ ဖြစ်သောကြောင့် စာတမ်းများကို ဘတ်မရအောင်ပင် ရှိလေသည်၊ ထို့ပြင် ကျိုက္ခမီမြို့ ဘဲကုန်း

ရပ်နေ ဘုရားလူကြီးဟောင်း ဦးဘောက်နှင့် အထက်ကုန်း ရပ်နေ ဘုရားလူကြီးဟောင်း ဦးအောင်ဘန်းတို့က ရဟန်းရှင်လူတို့ ကြည့်ရှုလေ့ကျက်ရန် ပိဋကတ်သုံးပုံ နှစ်စုံနှင့် ပိဋကတ်စာတိုက် ဘီဒိုနှစ်လုံးပါ လှူဒါန်းထားသည်။

၇။ ကျိုက္ခမီမြို့မှ ရေလယ်ဘုရားကြီးသို့ သွားသောလမ်းပင်လယ်ကမ်းအငူပေါ် အရှေ့ဘက် စေ့င်းတန်းကို ကျိုက္ခမီမြို့ ဝက်သိုးရပ်နေ လယ်ပိုင်ရှင် ဦးဘိုးစိန်က လှူဒါန်းပါသည်၊ ထို့အတူ အနောက်ဘက်စေ့င်းတန်းကို ဘုရားလူကြီးဟောင်း ဦးဘောက်က လှူဒါန်းပါသည်။

၈။ ရေလယ် ဘုရားကြီးသို့ ရောက်ခါနီးတွင် စရပ်တန်းလျား များနှင့် ဘုန်းတော်ကြီးကျောင်း အရှေ့ တလျှောက်လုံးတွင် တံတားကြီး ဆောက်လုပ်ထားသည်၊ ၎င်းကျောင်းတွင် ( ဦးပိန် ) ခေါ် ဦးဥတ္တမ ဘွဲ့တော်ရှိ ဘုန်းတော်ကြီးသည် ဝိပဿနာ ဘာဝနာနှင့် ကမ္မဋ္ဌာန်း အဖြာဖြာကိုအခါခါစီးဖြန်းနှလုံးသွင်း၍ သီတင်းသုံးတော်မူပါသည်၊ ၁၂၈၂-ခုနှစ်အတွင်း မိမိသီတင်းသုံး နေထိုင်သော ကျောင်းရှေ့ ဝဲယာတလျှောက် ( အောက်တွင် ဖော်ပြမည့်) တိုက်ကျောင်းကြီးအမ မပိန်ပိန်၏ ကုသိုလ်ဖြစ်သော ကျောက်လမ်းနှင့် ဆက်လျက် မိမိက ရှေ့ဆောင် ရှေ့ရှုက် ကမကထ ပြုလုပ်နိုးဆော်ရာ လူအများတို့ကလည်း သဒ္ဓါသမျှ ကုသိုလ်ထည့်ဝင်ကြသဖြင့် ကမ်းခြေသို့တိုင်အောင် ကျောက်လမ်း ဆက်လက်၍ ခင်းကျင်း လှူဒါန်းခြင်း ပြုလုပ်ပါသည်။

၉။ ၎င်းကျောက်လမ်းများမှ ဘုရားသို့ သွားလာရန်မှာ လမ်းတဝက်လောက်တွင် နိမ့်ရှိုင်းနေ၍ ရေကျသည်နှင့် တပြိုင်နက် မသွားနိုင် ရေတင်လျက်ရှိသည့် နေရာ တလျှောက်တွင် ၁၂၇၁-ခုနှစ်က ကျိုက္ခမီမြို့ မြို့အုပ်မင်း ဦးအိုသူဇာနှင့် မင်းကတော် မမစိန်းတို့က "ဣဒံ မေ ပုညံ အာသဝက္ခယံ နိဗ္ဗာန သုခံ ဝဟံ ဟောတု" နိဗ္ဗာန် ဆုကို ရည်မှန်း၍ ကျောက်လမ်းခင်းကျင်း လှူဒါန်းခြင်း၊ ထိုနောက် ၁၂၇၆ - ခုနှစ်လောက်က ကျိုက္ခမီမြို့ ဘဲကုန်းရပ်နေ ဗုဒ္ဓကျောင်းတိုက်ကျောင်းအမ မပိန်ပိန်က "နိဗ္ဗာန ပစ္စယော ဟောတု" လူချမ်းသာ, နတ်ချမ်းသာ, ဗြဟ္မာ ချမ်းသာထက် လွန်ကဲသုခနိဗ္ဗာန်ချမ်းသာကို မျှော်တမ်းတလျက် အထက်က ကျောက်လမ်းနှင့်ဆက်လက်၍ တဖန် ခင်းကျင်းလှူဒါန်းခြင်း ပြုလုပ်ပြန်သောကြောင့် လွယ်လင့်တကူ သွားလာနိုင်လေသည်။

၁၀။ လွန်ခဲ့သော ၁၂၈၂-ခုနှစ်က ၎င်းဘုရား ဝတ်ကျောင်းကြီး အရှေ့ဘက် အာရုံခံ စရပ်အတွင်း မိန်းမများ ဘုရားဖူးမျှော် ရှိခိုးပူဇော် နေထိုင်ရန် ရှေးဦးစွာ ကျိုက္ခမီမြို့ နယ်ပိုင်ဝန်ထောက်မင်း ဦးအောင်ကြီးနှင့် ဇနီး မင်းကတော် မမည့နှ်တို့က အဒ္ဒန့်ရှည်ကြာ ခိုင်ခံ့စွာ တည်စေကြောင်း ကောင်းမြတ်ပြည့်ဖြိုးသော သဒ္ဓါထူးကဲသော စေတနာတို့ ဖန်ခါခါပွားလျက် ဘဝမခြင်း ရည်သန် ပြည်နိဗ္ဗာန်ကို လျင်မြန်စွာ ရောက်ရပါလိုကြောင်း ဆုမွန်တောင်းလျက် ဘုရားကြီး ယင်ပြင်တော်နှင့် ဆက်သွယ်၍ ကျယ်ဝန်းပြန့်ရှင်းသော ကျောက်သိမ်တလင်းကို ခင်းကျင်းပြုလုပ် လှူဒါန်းပါကြောင်း၊ ၎င်း

ပြင် ၎င်းသိမ်တလင်းနှင့် ဆက်လျက်လက်ဝဲဘက်မှ မော်လမြိုင်မြို့နေ ဝတ်လုံတော်ရ သူဌေး ဦးချစ်လှိုင်နှင့် ဇနီး သူဌေးကတော်တို့သည် တွေးမျှော်တရား သဒ္ဓါပွားပြီး တဟုန်တည်းပင် နိဗ္ဗာန်ခွင်သို့ လှမ်းဝင်လို့ကြောင်း ကောင်းမြတ်သောအကြံနှင့် သိမ်တလင်း ဆက်လက်ခင်းကျင်း လှူဒါန်းခြင်းပြုလုပ်ကြပါကြောင်း။

၎င်းနောက် နယ်ပိုင် ဝန်ထောက်မင်းနှင့် မင်းကတော်တို့က စေတနာတိုးပွား သဒ္ဓါများသောကြောင့် မိမိတို့လှူဒါန်းထားပြီးဖြစ်သည့် ကျောက်သိမ်တလင်းက ( အပိုဒ် ၁၁-တွင် ဖော်ပြခဲ့သော မြို့အုပ်မင်း ဦးအိုဇာနှင့် မင်းကတော် မမစိန်းတို့၏ ကောင်းမှုဖြစ်သည့် ) ကျောက်လမ်းသို့အထိ မိမိတို့နှင့်တကွ လူအများတို့က သဒ္ဓါသမျှ ကုသိုလ်ပါဝင်ကြလျက် ကျောက်လမ်း ဆက်လက် ခင်းကျင်းလှူဒါန်းကြပါသည်။

၁၁။ ထို့နောက်တဖန် ဝန်ထောက်မင်းနှင့် မင်းကတော်တို့ကပင် နှိုးဆော်၍ ကမကထ ပြုလုပ်ပြီးလျှင် ဝတ်ကျောင်းကြီးအနီး တောင်ဘက်တွင် သီးခြားလျက် မိန်းမများ ဘုရားကြီး၏ မျက်နှာတော်ကို ဖူးမျှော်၍ အာရုံပြုနိုင်ရန် အာရုံခံစရပ်တဆောင်ကို ရန်ကုန်မြို့နေ ဆန်စက်ပိုင်ရှင် သူဌေးသူကောင်းဖြစ် ရာဇဝတ် တရားသူကြီးမင်း ရွှေတိဂုံ ဘုရားလူကြီးမင်း ဦးသွင်နှင့် မင်းကတော်တို့က ဤပုည ကုသလကြောင့် မဂ်ဖိုလ်နိဗ္ဗာန်ကို ရက်တိုတိုနှင့် လှမ်းလိုသဖြင့် ဆောက်လုပ်လှူဒါန်းပါသည်။

၁၂။ ကျိုက္ခမီမြို့နေ ဘုရားလူကြီးများတို့သည် ကုသိုလ်ကောင်းမှုရေး၌ များစွာ လုံ့လဝီရိယ စိုက်ထုတ် သည်ပိုး ရွက်ဆောင်လေ့ ရှိကြသည်နှင့် လျော်ညီစွာ ရေလယ် ဘုရားကြီး၏ ဝေယျာဝစ္စများကို ကြိုးစားအားထုတ် ဦးစီးနာယက ပြုလုပ်၍ ဆောင်ရွက်ကြပါကြောင်း၊ ၎င်းပြင် လွန်ခဲ့သော ၁၂၈၂-ခု၊ သီတင်းကျွတ်လကစ၍ ဘုရားကြီးတွင် စက်ရုံတည်၍ အင်ဂျင်စက်နှင့်တကွ ဓာတ်မီးပွင့်ရေ တရာကျော် တန်ဘိုးငွေ (၆၀၀၀) ခြောက်ထောင်ကျော် လျှပ်စစ် ဓာတ်မီးထွန်းညှိ ပူဇော်ပါသည်၊ လစဉ် စရိတ်ငွေ (၁၀၀) ကျော် ကုန်ကျပါသည်၊ မည်သူမဆို အချိန်နာရီ ကန့်သတ်ပြီးအလှူငွေထည့်ဝင်၍ လျှပ်စစ်မီး ပူဇော်နိုင်ကြပါကြောင်း။

၎င်းအပြင် နှစ်စဉ် သီတင်းကျွတ်လဆန်း ၁၄-ရက်နေ့ကစ၍ လပြည့်ကျော် ၈-ရက်နေ့အထိ ဘုရားပွဲတော်ကျင်းပခြင်း၊ ၎င်းလပြည့်ကျော် ၅-ရက်နေ့၌ ရဟန်းသံဃာ ရှင်သာမဏေ ရသေ့ ဖိုးသူတော်နှင့် သီလရှင်များတို့အား ဆွမ်းကြီးလောင်း လှူဒါန်းခြင်းနှင့် အရပ်လေးမျက်နှာမှ ကြွရောက် လာကြသူများအား စတုဒိသာ အာဟာရ ထမင်း ဆွမ်း ဟင်းမကျန် ကပ်လှူကျွေးမွေးပြန်ရာ များစွာ စည်ကားသိုက်မြိုက်လှလေသည်၊ အချို့သော နှစ်များတွင် ဘုရားပွဲတော် ကျင်းပရာ၌ မိုးသည်းလေ ဖျက်ဆီးခြင်းကြောင့် မစည်ကားချေ။ ထိုအခါ

## အရပ်ရပ် မှတ်သားရ အချက်များ (၃၉)

တောင်သမုဒ္ဒရာတွင် စံပျော်သည့် အရှင်ဥပဂုတ္တာ နာမထင်ပေါ် ရဟန္တာ အရှင်ဥပဂုတ် ကိုယ်တော်ကို ပင့်၍ ပူဇော်ရလေသည်။

**အရပ်ရပ် မှတ်သားရန် အချက်များ**

**ပြီး၏။**

# ကျိုက္ခမိရေလည်ဘုရား-ဘုရားရှိခိုး

ကျိုက္ခမိတိ သုပါကဋံ၊
ဝိသေသ ပဉ္စဆူရိယံ။
မဟောဃေ, အဏ္ဏဝေ, သန္တံ၊
ဝန္ဒာမိ,ဗုဒ္ဓရူပကံ။

မဟောဃေ၊ ရေယဉ်ဝိုင်း, လှိုင်းအသွယ်သွယ် သမိုင်းကြွယ်ယှက်ရံလျက် ဃယက်သံ ညံ့ညံ့မစဲ ထန်းသည်းသော ရေဟုန်ကြီး ရှိပေထသော။ အဏ္ဏဝေ၊ သောင်ကမ်း သွယ်သွယ်

ရှုတိုင်းငယ်လည်း ဘယ်ဝယ်ရော်ရမ်း ဘယ်စခန်းဟု မှန်းဆ မနိုင် အပြောခိုင်သည့် မှိုင်ခါသာ့မော ရှေယဉ်ကျောကြီး အလယ်၌။ သန္တာ၊ ခဘ်မြတ်သရီရ လျှမ်းပကြက်သရေ ဆန်းသ လွှမ်းခြုံလျက် ထက်ဝယ်ဖွဲ့ချေ တည်နေမြင့်မား ထင်ရှား ကိန်းဝပ်တော် မူပေထသော။ ဝိသေသ ပဥ္စရိယံ- ဝိသေသ ပဥ္စအစ္စရိယံ၊ ဘုရားစံမှီး ကျောင်းဘိုက်ကြီး၏ နီးပါး ရပ်မျှားသေးမွှားသွယ်သွယ် ကျောက်ခဲငယ်တို့ မှီတွယ်မကပ် မျက်နှာတော် ရှေ့ရပ်က မိန်းမမြတ်မျှား လေးစားကော်ရော် ပူဇော် ကန်တော့သော နေရာနှင့် တကွ အလျှား အတောင် တရာဆောင်၍ အတောင်သုံးဆယ်၊ အနံကျယ်သည့် နယ်ပယ် ဝန်းလျှား နေရာမျှားတွင် ပတ္တမြား၊ စိန်၊ မြ ပြရိုးယာ နယ် ကျောက်ခဲငယ်တို့ သွယ်သွယ်ဝဝ ဆထက်ပွားခြင်းဟု ဆိုအပ် သော အံ့ဘွယ်တော်၊ တခြားတပါး အရပ်မျှား၌ ရွှံ့သားနှံ့ခဲ တည်စွဲသော်လည်း ကျောက်ခဲငယ်မျှား နီးအနားဘွင် ရွှံ့သား နှံ့ကင်း လွန်သန့်ရှင်းခြင်းဟု ဆိုအပ်သော ပံ့ဘွယ်တော်၊ ရေတက် ကျသော် ဗုဒ္ဓဘုရား လမ်းအနားတွင် လှိုင်းမျှား ရှိသမျှ မြတ်ဇိနကို ဦးချ မာန်လျှော့ ကန်တော့သည့် ပမာ ပြုပြီးခါမှ ရေတက် ရေကျ ဖြစ်ရခြင်းဟု ဆိုအပ်သော အံ့ဘွယ် တော်၊ လှိုင်းလေ ထန်သည်း မည်မျှပင် ကြီးမား သော်လည်း မြတ်ဘုရားကျောင်းတော် အဆင့်ပေါ်သို့ ရေကျော်ခါ မဖြတ် သန်းသည့်ပြင် ကျောင်းတော် နယ်တရိုးကို ဒယ်အိုး သဏ္ဍာန် ဖလားခွက်လို ပြု၍ အခြားဘက်သို့ လှိုင်းပုတ်လျက် ထွက်သွား ခြင်းဟု ဆိုအပ်သော အံ့ဘွယ်တော်၊ ရှင်တော်ကိန်းဆ ဝိဟာရသို့ မိန်းမမျှား ကျော်ဖြတ်သွားသျှင် မိုးသီးလေဆင်ခါ ဆောလျှင်

## (၄၂) ကျိုက္ခမီရေလယ်ဘုရား ဘုရားရှိခိုး

တခဏ အာဏာ ပြ, လျက် ရှာချ တိုက်ခတ် ကပ်ရောက် ဘယာ သေချာ မုချ ခံစားရခြင်းဟု ဆိုအပ်သော အံ့ဘွယ်တော် ဤသို့ပြန့်ပြော အံ့ဩမခမ်း ထူးဆန်းခြားနား အံ့ဘွယ်တော်ကြီး ငါးပါးလည်း ရှိပေထသော။ ဝါ-ရှေ့နောက်,မြောက်ရပ် ပြောင်းရွှေ့ လတ်လည်း တောင်အရပ်သို့သာ လှည့်မျှော်ရှာသဖြင့် မြန်မာအခေါ် ဘုရားမျှော်ဟူ၍ အလွန်တရာ ကျော်ကြားတော်မူပေထသော။ ဗုဒ္ဓရူပကံ၊ မွေးကြိုင်ပျံ့ပြူး ယန့်ထူးသည့် စန္ဒကူး ရုပ်ပွား လေးဆူဘုရားကို သိကြားပူဖန် ဒေဝါနံပိယ မင်းတိဿက သစ္စာဓိဋ္ဌာန် နှုတ်ပြုသံဖြင့် ဥဒကံ ကျောမျှောလိုက်သည်တွင် သင်္ကန်းဘိုးနှင့် ရုပ်လုံးဘဆူ ဥာဏ်ဘော်မူမြင့်ခေါင် တတောင် ဆယ့်နှစ် လက်သစ်ခန့်မျှ ပမာဏဟူတဆူပါဝင် ကျိုက္ခမီရုပ်ပွားရှင်ကို ဝါ-မြတ်စွာဘုရား နတ်နဂါးပါပါးပျဉ်းကာလျက် တင်းမာသော ကျောက်ဆောင်ပေါ်တွင် ခြောက်ရောင်တော် မြူးကွန့်သည့် ဖူးအညွန့် မြတ်ဘုရားကို။ အဟံ၊ သုံးဆယ်နှစ်ဝ ကောဋ္ဌာသက ဂါဟာစွဲငုတ် အကျွန်ုပ်သည်။ ဝန္ဒာမိ၊ ရှင်တော်ဘုန်းဂုဏ် အလုံးစုံကို ကိုးခြုံမျှော်ဆပဏာသလျက် ဂါရဝအဥ္စလီ တင်ချီခါ လက်စုံမိုး၍ ရှိခိုးလိုက်ပါတော့သည်ဘုရား။

**ကျိုက္ခမီရေလယ်ဘုရား ဘုရားရှိခိုးပြီး၏။**

# ရှစ်လုံးဘွဲ့ မြန်မာဂါထာဖြင့်

## ကန်တော့ပန်းဆင်ရန်

၁ တောင်တန်းသောင်ကမ်း ပြောင်ရွမ်းဝေလွင်။
လှိုင်းကြီးဝိုင်းဆီး တိုင်းကြီးအသွင်။
ကမ်း၂ တမ်းတ မှန်းဆပါလျှင်။
ရှုလေတိုင်း ကသိုဏ်းရေကွက်ထင်။

(၄၄) ရှစ်လုံးဘွဲ့မြန်မာဂါထာ

၂ လမင်း ပဝင်း ညဥ့်တွင်းချိန်တွင်။
ရေလှိုင်း ဝေမှိုင်း ငွေဆိုင်းအသွင်။
အသွင်ထူး ဘွင်နူး ရှင်မြူးအစဉ်။
မျှော်မှန်းက ချမ်းမြစိတ်ကြည်လင်။

၃ ပင်လယ်ကမ်းစပ် ကိန်းဝပ် ရှင်ပင်။
စန္ဒကူးရုပ်ပွား ဘုရားရှင်ပင်။
မျှော်တွေး ဆည်းကပ် လေးမြတ်ကြည်လင်။
လက်စုံမိုး ရှိခိုးဦး ပန်ဆင်။

# ရှင်ဥပဂုတ် ကိုယ်တော်ပင့်နည်း

ဗတ္တိံသ လက္ခဏူပေတာ၊
သီတာနု ဗျဉ္ဇနာဓရော။
ဗျာမပ္ပဘာယ သုပဘာ၊
ဆဗ္ဗဏ္ဏရံသိယော။

နိစ္စရတ္တိ ဗုဒ္ဓေါ၊

အသီတိသာဝကော ဇမ္ဗုဒီပေ၊

ဒက္ခိဏာ သမုဒ္ဒရေ၊

လောဟ ပါသာဒေ၊

အာရုမေဃသာယ သမ္ဘေရော

ဝန္ဒေတွာမိ။

ဗာတ္တိံသလက္ခဏာ။ ပေတာ၊ သုံးဆယ့်နှစ်ဖြာသောယောကျ်ား မြတ်တို့၏ လက္ခဏာတော်ကြီးနှင့် ပြည့်စုံတော် မူထသော။ သီတာနုဗျဉ္ဇနာရော၊ ရှစ်ဆယ်သော လက္ခဏာတော် ငယ်လည်း ရှိထသော။ ဗျာမပ္ပဘာယ သုပဘာ၊ ကိုယ်တော်၏ အလံနှင့် တလံမျှတလံမျှသော ထက် အောက် ဝဲ ယာ ထွက်ကြွသော။ ဆဗ္ဗဏ္ဏရံသိယော၊ ခြောက်သွယ်သော ရောင်ခြည်တော်မြတ်တို့ဖြင့်။ နိစ္စရတ္တိ၊ တင့်တယ်တော် မူပြီး ထသော။ ဗုဒ္ဓေါ၊ သစ္စာလေးရပ် တရားမြတ်ကို ဆတ်ဆတ် သိမြင် ဘုရားရှင်၏။ အသီတိသာဝကော၊ တပည့်ရင်နှစ် သားတော်စစ် ဖြစ်ထသော။ ဇမ္ဗုဒီပေ၊ ဇမ္ဗူဒိပ်ကျွန်းတွင်။ ဒက္ခိဏာသမုဒ္ဒရေ၊ အဝန်း ယူဇနာ ကျယ်လှ စွာသော တောင် သမုဒ္ဒရာ အတွင်း၌။ လောဟပါသာဒေ၊ စိန်ရောင် မြရောင် ပြိုးပြိုး ပြောင်မျှ ထောင်သဟဿ ထွန်းတောက်ပသော လောဟမည်သီး ကြေး

ပြုသောဒ်ကြီး၌။ အာရာမေ၊ နှလုံးမွေ့လျော် ပျော်ဘွယ်မိုတင်း သီတင်းသုံးရပ် နိဿာယဖြင့် သဗ္ဗလုံးစုံ ခိုလှုံကိန်းအောင်း၍ နေတော်မူသော။ မဟိဒ္ဓိကော၊ ကြီးသော တန်ခိုးရှိသော။ မဟာတေဇော၊ ကြီးသော အာနုဘော်လည်း ရှိထသော ဝဿဝရော၊ဝသဝသဝတ္တိ ဌာနီစိုးခြင်း မာရ်နတ်မင်းကို။ဇိနော၊ အောင်တော်မူတတ်ထသော။ ဥပဂုတ္တော၊ လူသုံးပါးတို့ ညွတ်တွားပူဇော် ဖူးမျှော်ကန်တော့ခြင်းကို ခံယူတော မူထိုက်သော ဥပဂုတ္တ နာမမည်တွင် ထေရ်အရှင်ဘုရား။

မွန်တိ မွန်တ မွန်စည ဟု ဌာနစိုက်တည် မွန်တို့ ပြည်၌ အရှည်သမိုက် နဒီဝိုက်သည် ကျိုက္ခမိဟု ယင်းဌာနီတွင် ဥပါသကာ ဥပါသိကာတို့က သဒ္ဓါပသန္န ကြည်ညိုလှ၍ သမ္မာ-သမ္ဗုဒ္ဓ သုံးလောကထွတ်ထား မြတ်စွာဘုရား၏ ကိုယ်တော်စား ဆယ်တပါးသော ဆံတော်ခေါ်ဘ်နှင့် ရေလယ်စံ ရုပ်ပွားတော် အရှင်မြတ်ကို သောမနဿပီတိဖြင့် ဆွမ်းတော်ကပ်လှူမည့်ပြင် ထေရ်မြတ်ရှင်အား သုဒ္ဓဘောဇဉ် ချိုချည်ခဲဘွယ် အသွယ်သွယ် သစ်သီး အံ့မငြီးနိုင်ရာ မီးဖြူ မီးဝါ ကျောင်းဝိဟာနှင့်တကွ ပူဇော်ရန်တဝ ဘေးသုံးတန် လွတ်ကင်းပ၍ ချမ်းသာခြင်းသုခ ရလိုသော ဂူဠ္ဌ ဝတံကို ဆပန်ရန်တကြောင်း ထို အကြောင်းသုံးချက်ကြောင့် စက်ဒ္ဓါဒရိန် ခါအကြိမ်တွင် သိမ်လက်စမ်းကျ ဒေါင်းသာဉ်ပျံနန်း ဥဒည်စွန်းသို့ လှမ်းမကြွခင် တောင်သမုဒ် ပင်လယ်သာက ဒေသစာ ဈာန်ယာဉ်ခ၍ ကြွရောက်တော် မူပါမည့်အကြောင်းကို ဆယ်ချောင်းသော

ဟတ္ထ အဥ္စလိကမ္မဖြင့် မြှက်ဟာဝစီ မနောချီလျက် ဦးထိပ်ထက် လက်စုံမြှောက်၍ ရှိခိုးပင့်လျှောက်ပါသည် မဟိဒ္ဓိသခင် ထေရ် အရှင်ကိုယ်တော်မြတ် ဘုရား။

**ရှင်ဥပဂုတ်ကိုယ်တော် ပင့်နည်း ပြီး၏။**

တန်ခိုးကြီး ဘုရားများကို
ဖူးမျှော်မာန်လျှော့ ပူဇော်ကန်တော့ကြရန်
အထူးသင့်လျော်သည့်ပြင် လွန်စွာတွေ့ခဲကြုံခဲသော သစ္စာလေးပါး
ဘုရားရှိခိုးပါဠိနှင့် နိသျကို ထည့်သွင်းဖော်ပြလိုက်ပါသည်။

# သစ္စာလေးပါးဘုရားရှိခိုး

စတ္တာရိ အရိယသစ္စာနိ ဒုက္ခံ အရိယသစ္စံ,
ဒုက္ခသမုဒယံ အရိယသစ္စံ,
ဒုက္ခနိရောဓော အရိယသစ္စံ,
ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ အရိယသစ္စံ။

ဒုက္ခံ၊ ရုပ်နာမ်နှစ်မျိုး ဆင်းရဲအိုးကြီးကို။ အရိယသစ္စံ၊ ပိုင်းခြားမြင်သာ ကောင်းစွာ သိမြင်ခြင်းသည်ရင်း။ ဒုက္ခ

သမုဒယ်၊ ရုပ်နာမ်နှစ်မျိုး ဆင်းရဲအိုးကြီး ဖြစ်အောင် တည်ထောင် ဖန်ဆင်းတတ်သည့် ဇာတိလောဘ စသည်ကို။ အရိယသစ္စံ၊ ပယ်အပ်ကုဗ္ဗာရှင်း ကောင်းစွာ သိခြင်းသည်ငှင်း။ ဒုက္ခနိရောဓော၊ ရုပ်နာမ်နှစ်မျိုး ဆင်းရဲအိုးကြီး၏ အစစဇာတ်သိမ်း ဒုက္ခငြိမ်း၍ ဟိန်းချရာအမှန် နိဗ္ဗာန်အေးမြိုကြီးကို။ အရိယသစ္စံ၊ ယခုဘဝတွင် ကိုယ်တိုင်မြင်အောင် ကောင်းစွာ သိခြင်းသည်ငှင်း။ ဒုက္ခနိရောဓဂါမိနီပဋိပဒါ၊ ရုပ် နာမ် နှစ်မျိုး ဆင်းရဲအိုးကြီး၏ အစစဇာတ်သိမ်း ဒုက္ခငြိမ်း၍ ဟိန်းချရာမှန် နိဗ္ဗာန်အေးမြိုသို့ ရောက်ကြောင်းဖြစ်သော ဘာဝနာ အကျင့်မျိုးကို။ အရိယသစ္စံ၊ ပွားများအံ့ငှာ ကောင်းစွာ သိခြင်းသည်ငှင်း။ ဣတိ၊ ဤသို့။ စတ္တာရိ၊ လေးပါးကုန်သော။ အရိယသစ္စာနိ၊ ကောင်းမြတ်ကြည်လင် ဖြူစင်သန့်ရှင်းစွာ သိအပ်ကုန်သော တရားတို့ ပေတည်း။

ဤသို့ ဟောဖော် ဒေသနာတော်အရဖြင့် ဩကာသ ဩကာသ ဩကာသ ဂါရဝမြတ်နိုး ရှိခိုးပူဇော်ခြင်း၏ တည်ရာဖြစ်တော်မူသော အရှင်မြတ်ဘုရား ခန္ဓာငါးအင် အကျွန်ုပ်၏ သန္တာန်တွင် စုံဝင် နှစ်မြုပ်၍ နေသော ရှေးရှေးဘဝက ယခုဘဝအထိ ကိုယ်ဖြင့် ပြစ်မှားမိသော ကာယကံသုံးပါး၊ နှုတ်ဖြင့် ပြစ်မှားမိသော ဝစီကံလေးပါး၊ စိတ်ဖြင့်ပြစ်မှားမိသော မနောကံ သုံးပါး ပေါင်းထားဆယ်ဝ ဒုစရိုက်တရားတို့ကို ပယ်ရှားပျောက်လွင့်ပါစေခြင်းငှာရင်း၊ ရာဂမီး၊ ဒေါသမီး၊ မောဟမီး၊ ဇာတိမီး၊ ဇရာမီး၊ မရဏမီး၊ သောကမီး၊ ပရိဒေဝမီး၊ ဒုက္ခမီး၊ ဒေါမနဿမီး၊ ဥပါယာသမီး တည်းဟူသော တဆယ့်

တပါးသော မီးအပေါင်းတို့၏ ကင်းငြိမ်းရာ အမှန်ဖြစ်သည့် နိဗ္ဗာန်အေးမြို့ကြီးသို့ လျင်မြန်စွာ ရောက်ရပါစေခြင်းအကျိုး ငှာရင်း....

၁ အရဟံအစ ဘဂဝါ အဆုံးရှိသော ဂုဏ်တော်ကိုးပါး နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားရှင် ကိုယ် တော်မြတ်အားရင်း....

၂ သွာက္ခာတ အစ ဝိညူဟိ အဆုံးရှိသော ဂုဏ်တော် ခြောက်ပါးနှင့် ပြည့်စုံတော် မူသော တရားတော် မြတ်အားရင်း....

၃ သုပ္ပဋိပန္နအစ ပုညက္ခေတ္တံ အဆုံးရှိသော ဂုဏ်တော် ကိုးပါးနှင့် ပြည့်စုံတော်မူသော သံဃာတော် အရှင် မြတ်တို့အားရင်း....

၄ ဂုဏ်တော်အနန္တနှင့် ပြည့်စုံတော်မူသော မွေးသည့် မိခင် ကျေးရှင်တော် အရှင်အားရင်း....

၅ ဂုဏ်တော်အနန္တနှင့် ပြည့်စုံတော်မူသော မွေးသည့် သခင် ကျေးဇူးရှင်အားရင်း....

၆ ဂုဏ်တော်အနန္တနှင့် ပြည့်စုံတော်မူသော တ,န,ပဲ့ပြင် သွန်သင် ပေးတတ် ဆရာမြတ်၏ ကျေးဇူးတော် အားရင်း....

၇ သီလ သမာဓိ ပညာ သိက္ခာ (၀၁) ဂုဏ်အင်္ဂါကြီးသော သူတို့အားရင်း....

ပဥ္စပတိဋ္ဌိတ တည်ငါးဝဖြင့် စိတ်ကညွတ်ခါ သဒ္ဓါကြည်ညို နှုတ်ကဆို၍ ရှိသေမြတ်နိုး ညွတ်လျှိုးဦးခေါင်း ဆယ်ချောင်းဟတ္ထာ ယှက်ခါမိုးလျက် ရှိခိုးပူဇော် ဖူးမျှော်မာန်လျှော့ ကန်တော့ပါ၏အရှင်မြတ်ဘုရား။

ဤသို့ရှိခိုးပူဇော် ဖူးမျှော်မာန်လျှော့ ကန်တော့ရသော အကျိုး အာနိသင်တို့ကြောင့်ရင်း၊ နိဗ္ဗာနပစ္စယော နုပဌိပဒါ မဂ္ဂသစ္စ်၊ ဓမ္မက္ခန်အလာ၊နိဗ္ဗာန်မြိုက်ချမ်းသာကို ကောင်းစွာသိအပ် ဝိပဿနာ အကျင့်မြတ်ဖြစ်သော ခန္ဓာဓာတ်အာယတန သစ္စာ ရုပ်နာမ် နှစ်ဖြာတို့ကို ငါ့,သူတပါး,ယောကျ်ား,မိန်းမ, ပုဂ္ဂလ သတ္တဝါလူ,နတ်,ဗြဟာ,ဟူ ထင်မှတ်စရာမရှိ မဏိပုလဲကြာဖူးထဲမှာ သန္ဓေစွဲ၍ ဖောက်ခွဲ ဖြစ်ပေါ် လာသည်လည်း မဟုတ်၊စက်ဆုပ်စရာ ရွံရှာဘွယ်အတိ မကောင်းသော အနံ့ရှိသည့် အမိ၏ အစာသစ်အိမ်နှင့် အစာဟောင်းအိမ် အကြားအလွန် ကျဉ်းမြောင်းကြပ်တည်း၍ အနေကပ်သည့် သားအိမ်၌ တည်နေရသည်မှာ သား ငါး အမဲ ထမင်း ဟင်းလျာ မှုံ့အဝတ် ဖျာ စကောစုပ်နှင့် ရောရှုပ်ပြည့်လှိုင်း ဒွန်း စလ္လား အိမ်

အနိစ္စ အပုပ်အိုင်၌ အနံ့တကြိုင်ကြိုင် ထင်မှတ်၍ ငုတ်လျှိုး ပေါ်လာ ဂျမ်းထိုးခါ ပျော်မြူး၍နေသော ဝရမ္ဗ ပိုးသတ္တဝါ ကဲ့သို့ ဖြစ်ရခါခါ ဤရုပ်နာမ် နှစ်ဖြာကို ဖန်တီး၍ ပေးတတ်သည်မှာ အဝိဇ္ဇာ တဏှာ ဥပါဒါန် ကမ္မအာဟာရ ဇာတိ ဤသည့်တရားစု ရုပ်ဖြစ်မှုနှင့် စက္ခု ရူပ သောတ သဒ္ဒ ဃာန ဂန္ဓ ဇိဝှာ ရသ ကာယ ဖောဋ္ဌဗ္ဗ မန ဓမ္မတို့ ကြသော အကြောင်း သမုဒယတို့သည် ပေါင်းစုကြ၍ ဖြစ်ရ နာမ်မှာ ပစ္စယာ သမုဒယ အကြောင်းမဲ့ စသည်တို့ကြောင့် ဖြစ်ပေါ်လာရသော ရုပ် နာမ် နှစ်ပါး တရားမျိုးတို့သည် ခဏခဏ ပျက်စီးချုပ်ဆုံး တတ်သော သဘောကြောင့် အနိစ္စမျိုး သာတည်း၊ ခဏခဏ ပျက်စီးချုပ်ဆုံးတတ်သည်ကို ကြောက်ခြင်း သဘောကြောင့် ဒုက္ခမျိုး တည်း၊ ခဏခဏ ပျက်စီး ချုပ်ဆုံး တတ်ခြင်း ကြောက်ခြင်းရှိ၍ ခိုင်ခံ့သော အတ္တ အတ္တနိယ အနှစ်သာရ မရှိသောကြောင့် အနတ္တမျိုးသာတည်း၊ ဤ ရုပ်နာမ် ဓမ္မ သင်္ခါရ တရားမျိုးတို့ကို ချစ်ခြင်း မုန်းခြင်းမပြု လျစ်လျူရှုအပ်သော မဂ္ဂသစ္စာ ဘာဝနာတို့ကြောင့်ရင်း၊ ဇရာ မရဏံ ဒုက္ခသစ္စံ ကျန်းဂန်အလာ နှစ်ဖြာသော ရုပ် နာမ် ဓမ္မ တို သည် အိုရခြင်း ဘေး၊ သေရခြင်းဘေး အစရှိသော ကြောက်မက်ဘွယ်ကောင်းလှသော ဆင်းရဲဘေး အပေါင်းတို့၏ ခိုအောင်း တည်နေရာ ဖြစ်သော ဒုက္ခ သစ္စာကို သိရသော ကြောင့်ရင်း၊ ဤဒုက္ခသစ္စာ စင်စစ် မှန်သည့် ခန္ဓာအိမ်ကို အကြိမ်ကြိမ် အဖန်ဖန် ဘဝသစ် စီမံပေးတတ်သည့် ဇာတိ သမုဒယ သစ္စာ မိန့်မှာတော်ရှိ ပဋိသန္ဓေတည်နေခါခါ အဝိဇ္ဇာ တဏှာ ဥပါဒါန်ကံ အစရှိသော အကြောင်းရင်းမူလ ချေ

(၅၄)　　　　သစ္စာလေးပါး ဘုရားရှိခိုး

သောက်မြစ်မနှင့်တူသော သမုဒယ သစ္စာကို တဒင် ပဟာန် ဝိက္ခမ္ဘန ပဟာန် သမုစ္ဆေဒပဟာန် ပဋိပဿဒ္ဓိ ပဟာန် နိဿရဏ ပဟာန် တည်းဟူသော ပယ်တတ်သော တရား ပဟာန် ငါးပါး တို့ဖြင့် တစတစ ပယ်ရှားရသောကြောင့်ရှင်း....

ဤသို့ ဒုက္ခသစ္စာ, သမုဒယသစ္စာ, မဂ္ဂသစ္စာ ဘာဝနာအဟုန် တို့ကြောင့်....

၁ အလုံးစုံသော တရားကို အကြွင်းမရှိ သိမြင်သော ပညာစက္ခု ဘုရားအဖြစ်သို့....

၂ သစ္စာလေးပါးကို အသီးအခြား မိမိ အလိုလို သိမြင် သော ပစ္စေကဗုဒ္ဓါ ဘုရားအဖြစ်သို့....

၃ အဂ္ဂသာဝက ဂုဏ် နှင့် ပြည့်စုံသော လက်ျာရံ အဖြစ်သို့....

၄ အဂ္ဂသာဝက ဂုဏ်နှင့် ပြည့်စုံသော လက်ဝဲရံ အ ဖြစ်သို့....

၅ သစ္စာလေးအင်ကို လျင်မြန်စွာ သိရပါသော ပကတိ သာဝက အဖြစ်သို့ ရောက်၍ (ယောကျ်ားက ဆု

တောင်းရန် ပကတိ သာဝက အဖြစ်သို့ ရောက်ရ၍) (မိန်းမက ဆုတောင်းရန်၊ ပကတိ သာဝကအဖြစ်ကို မိန်းမကလည်း ဆုတောင်းလိုလျှင် တောင်းနိုင်သည်) သမုဒယ သစ္စာ တဏှာ ဇာတိနှင့်တကွသော တထောင့်ငါးရာ ကိလေသာ အပေါင်းအသင်းတို့ကို မရသဖြင့် ငါးဝခန္ဓာ ဆယ့်နှစ်ဖြာ အာယတန အဌာရသဓာတ် ဆယ့်နှစ်ရပ်ကို ပဋိစ္စသမုပ္ပါဒ် နှစ်ဖြာ နာမ် ရုပ် အကျွန်ုပ်သည် ဘဝကြီးငယ် အသွယ်သွယ်က ပြုခဲ့ဘူးသည့် လူ့ပြည်နတ်ရပ် အပါယ်သို့ ချဉ်းကပ်စေတတ်သော ကုသိုလ် ကံမျိုး အကုသိုလ် ကံမျိုးတို့သည် အကျိုးပေးခွင့်မရ၊ သတ္တိဗလ ကုန်ခန်းကြ၍ ရဟန္တာ၏ စုတိမရဏာ ပရိနိဗ္ဗာန်ရသော အခြားမဲ့၌ ပဋိသန္ဓေ အသစ်မဖြစ်ရာ အမှန် ဥဘိန္ဒမ္ပိ နိဿရဏံ နိရောဓသစ္စံ မိန့်တော်သံ ဓမ္မဒေသနာအရမှာ-ဒုက္ခသစ္စာ၊ သမုဒယ သစ္စာဟု ဆိုအပ်သော လူ့,နတ်,ဗြဟ္မာ ခန္ဓာဝန်လက်စ သိမ်းချုပ်ငြိမ်းအေး ထူးစွာ သုပဘာသုဇောတာ ပရိသုဒ္ဓ ပဏ္ဍရာ လွန်စွာထွန်းလင်း အရောင်ချင်း ယှက်သွယ် စင်ကြယ်ဖြူလှ စံပြစရာ ဥပမာမရှိ သန္တိလက္ခဏာ အေးငြိမ်းခြင်း ရှိပါသောဘေးကင်းသည့် နိဗ္ဗာန် သုခံ ယင်းနိဗ္ဗာန်မှာ အမှန်ပရမတ္ထ ပရိနိဗ္ဗုတ ပုဂ္ဂိုလ်ဟု ဆိုအပ်သည့် နိရောဓသစ္စာ၊ ဤနိရောဓသစ္စာ တည်းဟူသောရွှေပြည်အမှန်နိဗ္ဗာန်အေးမြို့ကြီးသို့ လေးဆယ့်ရှစ်ပါး ဓာတ်တရားအစု နှစ်ခု နာမ်ရုပ် အကျွန်ုပ်

(၅၆) သစ္စာလေးပါး ဘုရားရှိခိုး

သည် မကြာခဏ လျှင်မြန်စွာ ဆိုက်ရောက်ရပါလို၏ အရှင်မြတ်ဘုရား။

ကျိုက္ခမီမြို့ ရေလယ်ဘုရားကြီး သမိုင်းနှင့်
အရပ်ရပ်မှတ်သားရန်အချက်များ
စသည် အလုံးစုံ ပြီးပြီ။

ဤစာအုပ်တွင် အနေအထား ပြုပြင်ပြီး အချို့နေရာများ၌ မူအတိုင်းရိုက်နှိပ်လိုက်ပါကြောင်း။